# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇၈)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၊ ၁၁-၉-၂၀၂၅၊ ကြာသပတေးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော် အားကစားကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် တက်ရောက်သည်။

အဆိုပါ အားကစားပြိုင်ပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊

စာမျက်နှာ ၃ သို့ ○




၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၁၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက် ၂ ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ


ယနေ့ ဖတ်စရာ အညွှန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ — စာမျက်နှာ ၂

ဒီယေဆာအား လုံးဝရောင်းချသွားမည်မဟုတ်ဟု လီဗာပူးအသင်းထုတ်ပြန် — စာမျက်နှာ ၁၁

ကျန်းမာရေးအတွက် ဆေးနည်းများ (ဆောင်းပါး) — စာမျက်နှာ ၁၄

၂၀၂၅ ခုနှစ် ၊ စက်တင်ဘာ ၁၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး နေ့စဉ်

## ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

မန္တလေးလျှောင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့မည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄ သန်းကို ဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းရရှိပြီးဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်စသည့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး(၄/၂၀၂၅)တွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဘိလပ်မြေစက်ရုံများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများလက်တွေ့လာရောက်ကွင်းဆင်းရာတွင် လက်ခံဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှု နည်းပညာများနှင့်ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅)အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘိလပ်မြေအရည်အသွေးကို နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ထုတ်လုပ်မှုနည်းပညာအဆင့်ဆင့်အား လွှဲပြောင်းရရှိရေး ဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကိုလည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကိုလည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများအသင်းတွင်ပါဝင်သည့် ဝန်ကြီးဌာနကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများဖြန့်ဖြူးပေးနိုင်ရေးအခြေအနေကိုရှင်းလင်းတင်ပြသည်။

ဘိလပ်မြေများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ်နိုင်ရေး၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့် ကျောင်းများချိတ်ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကိုဆွေးနွေးခဲ့သည်။ ဘိလပ်မြေထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၂၆)ကြိမ်မြောက် တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ယှဉ်ပြိုင်နေမှုများအား တာဝန်ရှိသူများ ကြည့်ရှုအားပေး၊ ဒိုင်အဖွဲ့အား ရင်းရင်းနှီးနှီးနှုတ်ဆက်

**မန္တလေး စက်တင်ဘာ ၁၀**

(၂၆)ကြိမ်မြောက် တိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို စက်တင်ဘာ ၉ ရက်၊ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ဒုတိယနေ့အဖြစ် ဆက်လက် ကျင်းပသည်။



Nikon D7500, 18mm, f/5.6, 1/60s

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် အက၊ စန္ဒရား၊ တယော၊ စောင်း၊ ဒုံမင်း၊ မဟာဂီတ၊ ပတ္တလား၊ အမျိုးဂုဏ်ဇာတိဂုဏ်မြှင့်တင်ရေး တေး၊ ဆိုင်းတစ်ဦးချင်း၊ ခေတ်ဟောင်းကာလပေါ် အဆိုပြိုင်ပွဲများအား မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းသည့်အနေဖြင့် ခမ်းနားစွာ ကျင်းပလျက်ရှိပါသည်။

**(အပေါ်ပုံ)**

**(၀၉၅)**

၀-၀-၀-၀-၀

## လူငယ်ရေးရာအသိပညာပေး ဟောပြော၊ စာအုပ်စာစောင်နှင့် နံရံကပ်စာစောင်ပြပွဲ ပြုလုပ်



**အမရပူရ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ ရွှေကြက်ယက်ကျေးရွာရှိ ရွှေကြက်ယက်အခြေခံပညာအထက်တန်းကျောင်းတွင် ယနေ့ မွန်းလွဲပိုင်းက အခြေခံပညာဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာ ဟောပြောပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား၊ ကျောင်းသူများကို ဟောပြောပေးသည့် အသိပညာများ သေချာဂရုစိုက်နားထောင်ရန် ပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးမင်းက ကျောင်းသားများ အသိပညာဗဟုသုတရရှိစေရန် လူငယ်များသိသင့်သိထိုက်သည့် မူးယစ်အန္တရာယ်အကြောင်း၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတရရှိစေမည့် စာပေများဖတ်ရှုရန်လိုကြောင်း နှင့် လူငယ်များသိသင့်သိထိုက်သည်များကို အကျယ်တဝင့် ဟောပြောပေးခဲ့သည်။

ဆက်လက်ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ပြသထားသော စာအုပ်စာစောင်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့သည်။ ယနေ့ ဟောပြောပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၈၄)**

၀-၀-၀-၀-၀

၀-၀-၀-၀

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၃လမ်းထောင့်နှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ရန်-မန်းလမ်း၊ မိုးထိအောင်စည်ရိပ်သာအရှေ့၊ ဘောလုံးကွင်းအတွင်းတို့တွင် ရောင်းချပေးခဲ့သည် ။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၁၁ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းတွင် လည်းကောင်း၊ စက်တင်ဘာ ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁ လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ ထီးတန်းရပ်၊ ထီးတန်းပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄ လမ်းကြားတို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



○ ရှေ့ဖုံးမှ

နေပြည်တော် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီး ဦးဆောင်သောအလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများ နေရာယူကြသည်။ ထို့နောက် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား အလေးပြုကြသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ စစ်ရေးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်အားကစားနှင့်ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက် ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန်ဖိအားပေး ကစားခဲ့ကြရာ ပွဲချိန်လေးမိနစ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြုအသင်းက ဦးဆောင်ဂိုး တစ်ဂိုးသွင်းကာ ပွဲစဉ်ကို ဦးဆောင်ကစားနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၈၀ ခန့်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုအသင်းက ပြန်လည်ချေပဂိုး တစ်ဂိုး သွင်းနိုင်ခဲ့သဖြင့် ပွဲကစားချိန် မိနစ်အားလုံးပြီးဆုံးချိန်တွင် သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံး ပြိုင်ပွဲများကို အောက်တိုဘာ ၂၄ ရက် အထိ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များ သိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် စက်တင်ဘာ ၁၀

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က လှုပ်ခတ်ခဲ့သည့် အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများ သိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့် ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းမှ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိ နှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များ အသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ၀၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူ ထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး
  ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)
  မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၆၂၆၇၉

# သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲကျင်းပ





နေပြည်တော် စက်တင်ဘာ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက နှစ်စဉ်အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အကြိုအသိပညာပေး လှုပ်ရှားမှုအဖြစ်သစ်တော၊သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျှက်ရှိသည့် သစ်ပင်သစ်တောများ ထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတွင် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးကြပြီး တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက သိရှိလိုသည်များ အပြန်အလှန်မေးမြန်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း China-ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) - 2025 အခမ်းအနားတက်ရောက်





နေပြည်တော် စက်တင်ဘာ ၁၀

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ယမန်နေ့က ကျင်းပသည့် China-ASEAN Countries Forum on Blue Economy Cooperation and Development (CAFBE) - 2025 အခမ်းအနားသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သဘာဝအရင်းအမြစ်ဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ၊ ကွမ်ရှီးကျွမ်း ပင်လယ်သမုဒ္ဒရာ စီမံခန့်ခွဲရေးဌာနအကြီးအကဲနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖိုရမ်တွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများကို အိန္ဒိယသမုဒ္ဒရာသို့ ဆက်သွယ်ပေးနိုင်သော အချက်အချာကျသည့်နေရာ၌ တည်ရှိနေပြီး ၎င်းတို့ကို ကမ္ဘာတစ်ဝန်းသို့ ဆက်သွယ်ချိတ်ဆက်ပေးနိုင်သည့် Gateway တစ်ခုအဖြစ်တည်ရှိကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် သာတူညီမျှ သာယာဝပြောမှုကို အလေးထားလျက် ဒေသတွင်း ခိုင်မာ၍ ရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့် ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံ ပင်လယ်ပြာ စီးပွားရေးမူဘောင် (၂၀၂၃) နှင့် လိုက်လျောညီထွေရှိသည့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်ကို ချမှတ်၍ ဒေသတွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုကို အလေးထား ပံ့ပိုးပူးပေါင်း ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့အပြင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်ရေးနှင့် အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊အာဆီယံနိုင်ငံများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ပင်လယ်ပြာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် မဖြစ်နိုင်သည့် ရည်မှန်းချက်တစ်ခု မဟုတ်ဘဲ မိမိတို့နိုင်ငံအသီးသီးက အမျိုးသားရေးမူဝါဒ တစ်ရပ်အဖြစ် ချမှတ်၍ ဦးစားပေးဆောင်ရွက်ရမည့်၊ ပူးပေါင်းဆောင်ရွက်ကြရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ ဖိုရမ်ကို နှစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ယခုနှစ်ဖိုရမ်၏ ဆောင်ပုဒ်သည် "ဆန်းသစ်တီထွင်ခြင်း၊ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ထိရောက်သော ဖြေရှင်းခြင်း နည်းလမ်းများဖြင့် တရုတ်-အာဆီယံ ပင်လယ်ပြာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အနာဂတ်သစ်ကို ဖန်တီးစို့" (Innovation, Green Development and Smart Solutions: Shaping A New Blue Future for China and ASEAN) ဖြစ်ကာ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်နှင့် သမ္မတ ရှီကျင့်ဖျင် အဆိုပြုခဲ့သော ရပ်ဝန်းနှင့်ပိုးလမ်းမအစီအစဉ်၏ အစိတ်အပိုင်း တစ်ရပ်အဖြစ် တရုတ်-အာဆီယံ ပင်လယ်ပြာ စီးပွားရေး မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရန် ရည်ရွယ် ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်အတွင်း ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် Beibu Gulf Port Group ကုမ္ပဏီ၊ China-ASEAN Artificial Intelligence Computing Centre ၊ Qinzhou Port Automated Container Terminal နှင့် China-Malaysia Qinzhou Industrial Park တို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား ဆုချီးမြှင့်




မန္တလေး စက်တင်ဘာ ၁၀

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မဟာအောင်မြေခရိုင်အတွင်းလေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မန္တလေး မဟာအောင်မြေမြို့နယ် အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်းပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(၁၄) ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် ဒို့လှမ်းချီ" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးနှင့်မြို့နယ်ပညာရေးမှူးများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူ ၁၆၆ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

မြင့်မော်ထွန်း

(မြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ညောင်ဦးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။





ထိုသို့ ကွင်းဆင်းရာတွင် ညောင်ဦးမြို့နယ်ရှိ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၇)မှ တာဝန်ယူဆောက်ရွက်ခဲ့သည့် ဘက်စုံသုံးမြို့နယ်ခန်းမတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ လုပ်ငန်းလွှဲပြောင်းအပ်နှံခြင်း အခမ်းအနားသို့ တက်ရောက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးသည့် ဘက်စုံသုံးခန်းမမှာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေသည့်လုပ်ငန်းများမှ တစ်ခုဖြစ်ပါကြောင်း၊ အဆောက်အဦရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပျက်စီးမှုများမရှိစေရေးအားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၇) ဦးစီးအရာရှိ ဒေါ်တင်တင်အေးက တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုးထံသို့ ဘက်စုံသုံးမြို့နယ်ခန်းမအဆောက်အဦနှင့်ပတ်သက်၍ စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့နယ်ခန်းမအဆောက်အအုံအသစ်တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှုအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ညောင်ဦးမြို့နယ် မင်းနန်သူကျေးရွာရှိ ပုဂံနန်းမြင့်မျှော်စင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပုဂံနန်းမြင့်မျှော်စင်မှာ အမြင့် ၁၉၈ ပေ၊ လုံးပတ် ၅၅ပေ ရှိပြီး ၂၀၀၃ ခုနှစ်၊ ဇူလိုင်၂၇ ရက်က စတင်တည်ဆောက်၍ ၂၀၀၅ ခုနှစ်၊ ဧပြီလတွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ပုဂံယဉ်ကျေးမှုဒေသ၏ ပတ်ဝန်းကျင် အလှအပများကို အပေါ်စီးမှ ကြည့်ရှုခံစားနိုင်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားလူဦးရေ ၂၀၀၀ ဦးခန့်ဝင်ဆံ့ပါကြောင်း၊ လူဦးရေ ၇၀ ဦးဆံ့ ကျင်းပနိုင်သည့် အစည်းအဝေးခန်းမ၊ လူဦးရေ ၆၅ ဦးဆံ့ Mini Cinema၊ စားသောက်ခန်း၊ ရုံးခန်း၊ Galleria & Souvenir shop များ စသည်ဖြင့် ဖွဲ့စည်းထားမှုအခြေအနေများနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။



ဆက်လက်၍ ပုဂံမြို့ဟောင်းရှိ မဟာရာဇသိရီအနိရုဒ္ဓဒေဝ အနော်ရထာမင်းကြီး၏ သိရီဇေယျဘူမိ ပုဂံရွှေနန်းတော်သို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လှည့်လည်ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေကန်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေသည့် အာမနာကန်နှင့် မင်္ဂလာကန် ၃ သို့ ရောက်ရှိပြီး တာဝန်ရှိသူများက ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်းရေကန်များအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀






# ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်း(၁/၂၀၂၅)ဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်း(၁/၂၀၂၅)ကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ကြည်က ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ကြက်ခြေနီဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

"ယနေ့ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း(အခြေခံ)သင်တန်း(၁/၂၀၂၅)ကို တက်ရောက်သင်ကြားကြသည့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ ရှေးဦးပြုစုခြင်းအကြောင်း သိကောင်းစရာများ၊ လူနာစစ်ဆေးခြင်း၊ အရိုးကျိုးခြင်း၊ ဒဏ်ရာဖြစ်ခြင်း၊ အဆိပ်သင့်ခြင်း၊ ဆို့နှင့်ခြင်း၊ ပူလောင်ခြင်း၊ ပတ်တီးစည်းခြင်း၊ လူနာသယ်ဆောင်ခြင်းများအပြင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ တတ်အပ်သောပညာများပါသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း" မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒေါ်အေးစမ်းမိုးက ပြောသည်။

အဆိုပါ ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း (အခြေခံ)သင်တန်း(၁/၂၀၂၅)တွင် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ၃၂ ဦး၊ ကျောင်းသူ ၆၈ ဦး၊ စုစုပေါင်းကျောင်းသား၊ကျောင်းသူ ၁၀၀ ဦး တက်ရောက်သင်ကြားခဲ့ပြီး သင်တန်းကို ၅ ရက်ကြာ ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၆၆)**

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီး (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်တို့၏ စကားသံများ

မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာများ ဖွံ့ဖြိုးတိုးတက်စေရန်သာမက အစဉ်ထာဝရမြင့်မားနေစေရန် ရိုးရာဓလေ့ထုံးစံအမွေအနှစ်များ လက်ဆင့်ကမ်းထိန်း သိမ်းနိုင်သည့် မျိုးဆက်သစ်လူငယ်များပေါ် ထွန်းလာစေရန်၊ မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရရှင်သန်ထက်မြက်နေစေရန်နှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို လေးစားမြတ်နိုး ထိန်းသိမ်းလိုသည့်စိတ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကျင်းပလျက်ရှိပါသည်။

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဖွင့်ပွဲကျင်းပခဲ့ပြီးနောက် ကဏ္ဍအလိုက် ပြိုင်ပွဲများ ကျင်းပခဲ့သည်။ စက်တင်ဘာ ၁၀ ရက်နေ့တွင် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၌ ဆက်လက်ကျင်းပရာ အမှတ်ပေးအကဲဖြတ်ဒိုင်များနှင့် ပြိုင်ပွဲဝင်များ၏ ရင်တွင်း ခံစားချက်များကို မန္တလေးနေ့စဉ်သတင်းစာမှ တွေ့ဆုံမေးမြန်း တင်ပြ လိုက်ပါသည်။





**ဦးစိုးတင့်လွင်**
**(ဆိုင်းပြိုင်ပွဲ ဒိုင်အဖွဲ့)**

အရင်က ယဉ်ကျေးမှုတက္ကသိုလ် ဂီတဌာနမှာ ကထိကတာဝန်ယူခဲ့ပြီး လက်ရှိမှာ အချိန်ပိုင်းကထိက(ပြင်ပပညာရှင်) အနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ ပြိုင်ပွဲမှာ အခြေခံပညာ အသက် ၁၀နှစ်-၁၅နှစ်၊ အသက် ၁၅နှစ်-၂၀နှစ်နဲ့ အဆင့်မြင့်ဆိုပြီး အဆင့် ၃ ဆင့်ခွဲပါတယ်။ ပညာရှင်အဆင့်တော့ မပါဘူး။ အဲဒီထဲမှာ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်နဲ့ တစ်ဦးချင်းဆိုပြီး ပြိုင်ပွဲ ၂ မျိုးရှိတယ်။ တစ်ဦးချင်း အမျိုးသမီး ပြိုင်ပွဲဝင်က ၁၂ ယောက်နဲ့ အမျိုးသား ၁၆ ယောက်ပါ။ ပြိုင်ပွဲဝင်တွေရဲ့ကြိုးစားမှုက အားရစရာကောင်းပါတယ်။

မြန်မာ့ဆိုင်းက ဂုဏ်ယူစရာကောင်းတယ်လို့ပြောချင်တယ်။ အခြားဂီတတွေမှာ တော်တော်များများက နားလည်လွယ်ကြပေမယ့် ဆိုင်းတီးသင်ရာမှာ ပတ်လုံးမှာ ပတ်စာကပ်ဖို့တောင် အတော်သင်ယူရတယ်။ ဗီဇလည်းပါပြီး လေးလေးနက်နက် သင်ယူမှ၊ ဝါသနာပါမှ၊ ခွဲရှိမှ ဆိုင်းဆရာတစ်ယောက် ဖြစ်လာနိုင်တာပါ။ ဆိုင်းဝိုင်းကြီးတစ်ဝိုင်းမှာ လူရှင်တော်မပါ အတီးသမား အနည်းဆုံး ၇ ဦး ရှိရပါတယ်။

ခုလို ကျင်းပပေးတဲ့အတွက် ပညာရှင်တွေကလည်း ကျေနပ်ဝမ်းသာနေကြပြီး တာဝန်ရှိသူတွေကို အများကြီးကျေးဇူးတင်နေကြတာပါ။ မြန်မာ့ဂီတ၊ မြန်မာယဉ်ကျေးမှုအနုပညာတွေ တိမ်မြုပ်ပျောက်ကွယ်မသွားအောင် ခုလိုကျင်းပပေးတာ သိပ်ကောင်းပါတယ်။



**ဒေါ်နှင်းနှင်းဖြူ**
**(အဆိုပြိုင်ပွဲ ဒိုင်အဖွဲ့)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲမှာ ဒိုင်လုပ်လာတာ ၂၀၀၈ ခုနှစ်ကတည်းကပါ။ ခု ၂၆ ကြိမ်မြောက် အဆို၊ အက၊ အရေး အတီးပြိုင်ပွဲမှာတော့ အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးသီချင်း အဆိုပြိုင်ပွဲ၊ ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပါတယ်။

အဆိုပြိုင်ပွဲမှာ မဟာဂီတသီချင်း၊ ကာလပေါ်သီချင်း၊ အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်တင်ရေးသီချင်းဆိုပြီး ၃ မျိုးခွဲထားတယ်။ ကာလပေါ် သီချင်းဆိုပြိုင်ပွဲရဲ့ ဒိုင်အဖွဲ့ခေါင်းဆောင်က ဒေါက်တာလှခိုင်နဲ့ မဟာဂီတမှာ ဒေါ်ခင်ခင်ငြိမ်းက အဖွဲ့ခေါင်းဆောင်အဖြစ် အကဲဖြတ်ကြပါတယ်။ အမျိုးဂုဏ် ဇာတိဂုဏ် မြှင့်တင်ရေးသီချင်း အဆိုပြိုင်ပွဲမှာ အမျိုးသား ၁၄ ယောက်၊ အမျိုးသမီး ၈ ယောက် ယှဉ်ပြိုင်ပါတယ်။ ပြိုင်ပွဲဆိုတော့ မျိုးဆက်သစ်တွေက သေချာလေ့ကျင့်ပြီး ပြိုင်ပွဲဝင်ကြတာ ကြိုးကြိုးစားစား ယှဉ်ပြိုင်ကြလို့ ကောင်းလည်းကောင်းကြပါတယ်။

ခုလို ပြိုင်ပွဲကျင်းပပေးခြင်းအားဖြင့် မြန်မာမှုမြန်မာ့ဟန်တွေ ပျောက်ပျက်မသွားဘဲ ဆက်လက်ရှင်သန်နေမှာပါ။ မျိုးဆက်သစ်တွေအနေနဲ့ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းကြဖို့ တိုက်တွန်းလိုပါတယ်။



**မဟန်ဆုဝေ(အဆိုပြိုင်ပွဲဝင်)**

သမီးက မန္တလေးခရိုင်၊ အမရပူရမြို့နယ်(Baby world) ကိုယ်ပိုင် အထက်တန်းကျောင်းကပါ။ အသက် ၁၀နှစ်-၁၅ နှစ် ကာလပေါ်တေးသီချင်း အဆိုပြိုင်ပွဲမှာ ယှဉ်ပြိုင်ပါတယ်။ ယှဉ်ပြိုင်ရတာက ဖွားဖွားဒေစီကျော်ဝင်း ဆိုခဲ့တဲ့ ရွှေပိုးကောင် သီချင်းနဲ့ပါ။ တစ်ခါမှ မပြိုင်ဘူးသေးဘူး။ ပြိုင်ဖြစ်တာက အိမ်မှာ ရှေးဟောင်းသီချင်းတွေ နားထောင်ရင်း သဘောကျလာလို့ အဆိုပြိုင်ပွဲဝင်ချင်စိတ်ပေါ်လာတယ်။ ငယ်ငယ်ကတည်းက သီချင်းဆို ဝါသနာပါခဲ့တယ်။ ဆရာမကလည်း သေချာသင်ပေးသလို အိမ်မှာလည်း လေ့ကျင့်ထားလို့ ပြိုင်ရတာ အားရကျေနပ်မှုရှိပါတယ်။ ဆုရဖို့လည်း မျှော်လင့်ပါတယ်။ ခုလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ ကျင်းပပေးတော့ သမီးတို့ရဲ့ အရည်အချင်းကို ဒီလိုနေရာမှာ ထုတ်ပြနိုင်တာက အခွင့်အရေးတစ်ခုပါ။ ခေတ်အဆက်ဆက် မြန်မာသံစဉ်တေးသီချင်းတွေကို ထိန်းသိမ်းဖို့လိုပါတယ်။



**မောင်ထွန်းလင်းခန့်**
**(အကပြိုင်ပွဲဝင်)**

ကျွန်တော်က အ-ထ-က (၄) ပြင်ဦးလွင်မြို့ကနေ အမျိုးသား တစ်ပင်တိုင်မင်းသားအက (အခြေခံပညာအဆင့် အသက် ၁၀နှစ်-၁၅နှစ်)မှာ မင်းသားအကနဲ့ ပြိုင်ပွဲဝင်တာပါ။ ငယ်ငယ်က ကျောင်းကပွဲမှာ ကခဲ့ဖူး တယ်။ ဒီနှစ်မှာ ဝင်ပြိုင်ချင်စိတ်ပေါ်လာတာကြောင့် ပြိုင်ပွဲဝင်ခဲ့ပါတယ်။ ကျွန်တော်တို့ ကျောင်းက အဆို၊ အက၊ အရေး အတီးမှာ ပြိုင်ပွဲဝင်ခဲ့ဖူးတဲ့ အစ်ကိုရဲ့ သင်ကြားမှုရယ်၊ ကိုယ့်စိတ်ကူးရယ် ပေါင်းပြီးလေ့ကျင့်တယ်။ ဆုမျှော်မှန်းတာမျိုးမရှိဘဲ ပြိုင်ပွဲအတွေ့ အကြုံလည်းရဖို့ပါ။

ခုလို ပြိုင်ပွဲမျိုးက အခြားနိုင်ငံတွေမှာ မတွေ့ရဘဲ ကျွန်တော်တို့နိုင်ငံမှာ လုပ်ပေးတာကြောင့် နိုင်ငံအတွက်ရော၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ရဲ့ အနှစ်သာရတွေ ဖော်ထုတ်ပေးတဲ့ အထင်ကရပွဲတစ်ခုဖြစ်ပါတယ်။ နောက်နှောင်လည်း ကျင်းပပေးစေချင်ပါတယ်။



**မမြတ်မှူးအိမ်(အကပြိုင်ပွဲဝင်)**

သမီးက မမြတ်မှူးအိမ်၊ အသက် ၁၃ နှစ်ရှိပါပြီ။ လင်းလက်တော်ဝင် ကိုယ်ပိုင်အထက်တန်းကျောင်းကပါ။ အရင်နှစ်က ပြိုင်ဖူးတယ်။ ဒီနှစ်မှာ သူငယ်ချင်းတွေ အများကြီးနဲ့ ပြိုင်ရတာကြောင့် ပိုပြီးပျော်တယ်။ ငယ်ငယ်ကတည်းက အကမှာ ဝါသနာပါခဲ့တာပါ။ အကပြိုင်ပွဲ ဝင်ပြိုင်ဖို့ ယဉ်ကျေးမှုက ဆရာမ ဒေါ်သင်းရန့်က အခြေခံကစပြီး အဆင့်ဆင့်သင်ပေးပါတယ်။မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေကို သမီးတို့လို ငယ်ငယ်ကတည်းက လက်ဆင့်ကမ်းထိန်းသိမ်းကြရမှာပါ။



**မနှင်းကေရီ(အကပြိုင်ပွဲဝင်)**

သမီးအသက်က ၁၀ နှစ်၊ အောင်မြေသာစံမြို့နယ်၊ အ-လ-က(၁၄) ကပါ။ အခြေခံပညာအဆင့် အသက် ၁၀နှစ်-၁၅ နှစ် တစ်ပင်တိုင်အကပြိုင်ပွဲမှာ ယှဉ်ပြိုင်မှာပါ။ အကပြိုင်ပွဲတွေမှာ ပြိုင်ခဲ့ဖူးတယ်။ မြို့နယ်နဲ့ ခရိုင်မှာ ဆုရခဲ့ပါတယ်။ ဒီနှစ်မှာလည်း ဆုရမယ်လို့ မျှော်လင့်တာပေါ့။ အကကို ဝါသနာပါလို့ ကနေရရင်ပျော်နေတာ။ သမီးကြီးလာရင်လည်း ပြိုင်ပွဲတိုင်း ဝင်ပြိုင်ဦးမှာပါ။ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းကြပါ။ မြန်မာအကနဲ့ ပတ်သက်လို့ ထိန်းသိမ်းကြရမှာပါ။

**နိုင်ဆက်ဝေ**

## ဆီဝယ်စာအုပ်တစ်အုပ် စားအုန်းဆီ(၂)ပိဿာနှုန်းဖြင့် (၃၃၀)ပိဿာ ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ပလိပ်မြို့နယ်တွင် ပြည်သူများစားသုံးဆီဝယ်ယူသုံးစွဲရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်စာအုပ်တစ်အုပ်ပြုလုပ်ပေးထားပြီး ရပ်ကွက်၊ ကျေးရွာများတွင် အလှည့်ကျစနစ်ဖြင့် ကျောက်ဆည်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းအဝယ်ဆိုင်များမှ ယမန်နေ့နံနက်ပိုင်းက ရောင်းချပေးလျက်ရှိကြောင်းနှင့် ဆီဝယ်စာအုပ်တစ်အုပ်လျှင် စားအုန်းဆီ နှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ (၃၃၀)ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးသော စားအုန်းဆီများကို Resources Group Trading Co,Ltd မှ သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၄၁၀ ဖြင့် ဝယ်ယူခဲ့ပြီး ရောင်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၇၆၀၅ နှုန်းဖြင့် ဆီအရောင်းဆိုင်ဖြစ်သည့် ပလိပ်မြို့ ဦးကျော်ဆွေဝင်း ငွေပင်လယ်စားသုံးဆီ လက်လီ၊ လက်ကားဆိုင်မှ တောင်ကင်း၊ မြောက်မြေကျေးရွာသို့ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

**စုစုအေး(ကျောက်ဆည်)**

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ မကြာမီ တွေ့ဆုံမည်



**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မကြာမီ အချိန်တွင် အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ကုန်သွယ်ရေး ဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

အမေရိကန်က အိန္ဒိယမှ သွင်းကုန်များအပေါ် ထပ်ဆောင်းခွန် ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ပြီး နောက် ခေါင်းဆောင်နှစ်ဦး၏ ထိပ်သီးအစည်းအဝေး ထွက်ပေါ်လာမည်ဖြစ်သည်။

## ဆက်လက်ညှိနှိုင်း

အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့သည် နှစ်နိုင်ငံကြား ကုန်သွယ်ရေးအတားအဆီးများကို ဖြေရှင်းရန် ဆက်လက်ညှိနှိုင်းလျက်ရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ဆိုရှယ်မီဒီယာတွင် ရေးသားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီက ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဩဂုတ်လနှောင်းပိုင်းမှ ယခုလအစောပိုင်း အထိ တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည်။

မိုဒီသည် ခုနစ်နှစ်အတွင်း ၎င်း၏ ပထမဆုံး ခရီးစဉ်အတွင်း တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့နှင့် တွေ့ဆုံခဲ့သည်။

သမ္မတထရမ့်နှင့် ဝန်ကြီးချုပ် မိုဒီတို့၏ ဆွေးနွေးမှုသည် နှစ်နိုင်ငံဆက်ဆံရေးတည်ငြိမ်မှုရရှိရန် ကူညီပေးနိုင်မည်လားဆိုသည်ကို ဆက်လက် စောင့်ကြည့်ရမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# လက်ရှိဖော်ကာ ၅၀လေယာဉ်များကို အစားထိုးရန်အတွက် ဘိုးရင်း ပင်လယ်ပြင် ကင်းလှည့်လေယာဉ် လေးစီးဝယ်ယူမည်



**စင်ကာပူ စက်တင်ဘာ ၁၀**

စင်္ကာပူနိုင်ငံသည် သုံးဆယ် ကျော်ကြာ အသုံးပြုနေခဲ့သည့် လက်ရှိဖော်ကာ ၅၀ လေယာဉ် များကို အစားထိုးရန်အတွက် ဘိုးရင်းပီ၈အေ ပင်လယ်ပြင် ကင်းလှည့်လေယာဉ် လေးစီးကို ဝယ်ယူရန် ယမန်နေ့ကဆုံးဖြတ် လိုက်ကြောင်း စီအင်န်အိုင်သတင်း ဌာနက ဖော်ပြသည်။

စင်္ကာပူတပ်မတော်၏ ပင်လယ်ပြင်လုံခြုံရေးစွမ်းရည်များ ပြန်လည်အဆင့်မြှင့်တင်ရေး၏ ပထမအဆင့်အနေဖြင့် ပင်လယ်ပြင်အခြေအနေ သိရှိနိုင်စွမ်းနှင့် ရေအောက်ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းကို မြှင့်တင်ရန်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဌာနက စက်တင်ဘာ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ပင်လယ်ပြင် ကင်းလှည့်ရေးအတွက် ဒီဇိုင်းထုတ်ထားသည့် လေယာဉ်တစ်မျိုးဖြစ်သည့် ထိုဘိုးရင်းပီ၈အေ ကင်းလှည့်လေယာဉ်၌ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စွမ်းရည်များ တပ်ဆင်ထားသည်။ ၎င်း၏ အာရုံခံကိရိယာများနှင့် ရေဒါစနစ်များ၏ အစုအဝေးသည် အမျိုးမျိုးသော ပင်လယ်ပြင်မစ်ရှင်များတွင် အသုံးပြုနိုင်စေသည်။

အဆိုပါလေယာဉ်ကို စူးစမ်းရှာဖွေရေးနှင့် ရှာဖွေလှေလာရေး မစ်ရှင်များအတွက်လည်း အသုံးပြုနိုင်ပြီး အဆင့်မြှင့်အရပ်ဘက် ဘိုးရင်း ၇၃၇ လေယာဉ်များတွင် ပါဝင်သည့် ထိန်းချုပ်မှုစနစ်များ တပ်ဆင်ထားကြောင်း သိရသည်။ **Mon**




# အမေရိကန်ဈေးကွက်၏ မြင့်တက်မှုနောက်လိုက်ပြီး အာရှစတော့ရှယ်ယာများ၏ဈေးနှုန်း တိုးမြင့်လာခဲ့

**စင်ကာပူ စက်တင်ဘာ ၁၀**

စက်တင်ဘာ ၁၀ ရက်တွင် အာရှစတော့ရှယ်ယာများ၏ ဈေးနှုန်းသည် အမေရိကန်အခြေစိုက် ဝေါလ်စထရီဈေးကွက်၏ မြင့်တက်မှုနောက်လိုက်ပြီး တိုးမြင့်လာခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ စက်တင်ဘာ ၉ ရက်က စံချိန်တင် မြင့်တက်လာပြီးနောက် အမေရိကန်ဒေါ်လာမှာမူ စက်တင်ဘာ ၁၀ ရက်နှောင်းပိုင်းတွင် စတင်မည့် အမေရိကန်ငွေကြေးဖောင်းပွမှု ကိန်းဂဏန်းနှင့် အရေးကြီးသော အချက်အလက်များအရ အနည်းနှင့်အများပြောင်းလဲမည်ဟု ဆိုသည်။

ဂျပန်နိုင်ငံ၏ နစ်ကေး အညွှန်းကိန်း ၀ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာပြီး တောင်ကိုရီးယား၏ ကော့စပီအညွှန်းကိန်း ၁ ဒသမ ၃ ရာခိုင်နှုန်း ခုန်တက်လာခဲ့ကြောင်း သိရသည်။ **Mon**

# ကမ္ဘာ့ကလေးငယ်များတွင် အဝလွန်သူဦးရေ ပိုများလာသည်ဟု ကုလသမဂ္ဂရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အစီရင်ခံတင်ပြထား



**ဝါရှင်တန် စက်တင်ဘာ ၁၀**

ကမ္ဘာ့ကလေးငယ်များတွင် ကိုယ်အလေးချိန်နည်းပါးသူထက် အဝလွန်သူဦးရေ ပိုများလာသည်ဟု ကလေးသူငယ်များဆိုင်ရာ ကုလသမဂ္ဂရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က အစီရင်ခံတင်ပြထားကြောင်း သိရသည်။

အသက်ငါးနှစ်မှ ၁၉ နှစ်ကြား ကလေးငယ်များ၏ ဆယ်ပုံတစ်ပုံခန့်ဖြစ်သော လူဦးရေ ၁၈၈ သန်းခန့်မှာ ယခုအခါ အဝလွန်ရောဂါခံစားနေရသည်ဟု အဆိုပါအစီရင်ခံစာတွင် ခန့်မှန်းထားသည်။

ယင်းအခြေအနေ၏ အဓိက အကြောင်းရင်းမှာ ရိုးရာအစားအစာများမှ ဈေးသက်သာပြီး ကယ်လိုရီပါဝင်မှု မြင့်မားသော အလွန်အမင်း ပြုပြင်ထားသည့် အစားအစာများအပေါ် အလွန်အမင်း မှီခိုလာသည့် အစားအသောက် အလေ့အထ ပြောင်းလဲလာခြင်းသာဖြစ်ကြောင်း သုတေသီများက ထောက်ပြအပြစ်တင်ကြသည်။

ကုလသမဂ္ဂ၏ အေဂျင်စီတစ်ခုဖြစ်သော ယူနီဆက်ဖ်သည် ကလေးငယ်များ၏ အစားအသောက်ကို ကျန်းမာရေးနှင့်မညီညွတ်သော ပါဝင်ပစ္စည်းများမှ ကာကွယ်ရန်နှင့် အလွန်အမင်းပြုပြင်ထားသော အစားအစာလုပ်ငန်းမှ မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ရပ်တန့်ရန် အစိုးရများကိုတိုက်တွန်းနေကြောင်း သိရသည်။ **Mon**




# ပိုမိုပါးလွှာသော အိုင်ဖုန်းအဲနှင့် အိုင်ဖုန်း၁၇တို့ကို အက်ပဲလ်နည်းပညာကုမ္ပဏီက မိတ်ဆက်ပြသ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အက်ပဲလ်ကုမ္ပဏီက ၎င်း၏ အသစ်ထွက်ရှိမည့် ပိုမိုပါးလွှာသော အိုင်ဖုန်းအဲမော်ဒယ်ကို "အလွန်အင်အားပြည့်ဝသော ဘက်ထရီ" နှင့် အသစ်တစ်ဖန်တီထွင်ထားသော ပရိုဆက်ဆာတို့နှင့်အတူ ကြေညာခဲ့ပြီး ၎င်း၏ ထိပ်တန်းစမတ်ဖုန်း၏ နောက်ဆုံးအဆင့်မြှင့်တင်မှုဖြစ်သည့် အိုင်ဖုန်း ၁၇ ကိုလည်း ယမန်နေ့က မိတ်ဆက်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်အခြေစိုက် အက်ပဲလ်နည်းပညာကုမ္ပဏီကြီး ယမန်နေ့က ကျင်းပသည့် ထုတ်ကုန်မိတ်ဆက်ပွဲတွင် အိုင်ဖုန်းအဲမော်ဒယ်ကို အဓိကမိတ်ဆက်ပြသခဲ့သည်။

အဆိုပါမော်ဒယ်သည် မိမိတို့၏ ယခုအချိန်အထိ ခံနိုင်ရည်အရှိဆုံးအိုင်ဖုန်းဖြစ်ကြောင်းနှင့် ၎င်း၏ ဈေးနှုန်းသည် ဒေါ်လာ ၉၉၉ မှ စတင်မည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် တင်မ်ကွတ်ခ်က ထုတ်ဖော်ပြောကြားသည်။

အိုင်ဖုန်း ၁၇တွင် ပိုမိုကောင်းမွန်သော ရှေ့ကင်မရာကို တပ်ဆင်ထားမည်ဖြစ်ပြီး ၎င်းသည် ဘေးတိုက်ရိုက်ရိုက်ကူးသော ဆယ်လ်ဖီဓာတ်ပုံများကို ပိုမိုလှပစွာ မြင်တွေ့စေရန် ပုံစံပြောင်းလဲထားသော ပုံရိပ်ဖမ်းကိရိယာကိုလည်း ထည့်သွင်းထားကြောင်း သိရသည်။ **Mon**

၀-၀-၀-၀-၀





# ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဗီဒီယိုပြသ

**ကံမ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီးသရက်ခရိုင်၊ ကံမမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ကံမ)မြဝတီခန်းမ၌ ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ဗီဒီယို Clip ပြသခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်သင်းနေခြည်အေးနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိ ဒေါ်မေသော်တာနိုင်တို့က ပြည်သူများ အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့်ဆိုက်ဘာလုံခြုံရေးဆိုင်ရာများ သတိပြုဆင်ခြင်နိုင်ရန်၊ Facebook, Viber, Telegram စသည်တို့ကိုအသုံးပြု၍ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့် နည်းလမ်းများအကြောင်းတို့အား အသိပညာပေးဟောပြောခဲ့ပြီး ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး Video Clip နှစ်ခုအား ကျောင်းသား၊ ကျောင်းသူများအား ပြသခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ရွှေဘို စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောကာ ကျောင်းစာပြင်ပဗဟုသုတများ ရှာမှီးစေလိုကြောင်း၊ မိမိတို့ဌာန၏ စာကြည့်တိုက်တွင်သုတ၊ ရသ စာအုပ်စာစောင်များ များစွာရှိပါကြောင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသင်းဝင်ရောက်၍ လာရောက်ငှားရမ်းဖတ်ရှုလေ့လာနိုင်ကြောင်း စသည်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် ရွှေဘိုမြို့မဒုတိယစခန်းမှူးက မူးယစ်ဆေးအမျိုးအစားများအကြောင်း၊ မူးယစ်ဆေးသုံးစွဲသူခံစားရသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ကျောင်းသား၊ ကျောင်းသူများ သိရှိလိုက်နာရမည့် အချက်များ၊ မူးယစ်ဆေးဝါး ပပျောက်အောင် ပူးပေါင်းနှိမ်နင်းကာကွယ်ရန် အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ဟောပြောပွဲတွင် အထက်တန်းကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော စာအုပ်စာစောင်များ အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**မော်လမြိုင် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၆ ရက်က မွန်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။





ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက်တွင် မော်လမြိုင်မြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် ဒေါင်းဇရပ်ကွက်နေ ကျော်စွာ(၃၈)နှစ်နှင့် ဇေယျာမြိုင်ရပ်ကွက်နေ ဟန်ကိုငြိမ်း(၂၆)နှစ်တို့အားလည်းကောင်း၊ အလားတူ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများဖြစ်ကြသည့် သထုံမြို့နယ်၊ ကြာဘန်းကျေးရွာနေ ရဲထွန်းနိုင်(၂၉)နှစ်နှင့် နောင်ဘိုကျေးရွာနေ လပြည့်မောင်(ခ)ဖိုးလပြည့်(၂၃)နှစ်တို့အားလည်းကောင်း၊ ထို့အတူ ကျိုက်ထိုမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ကင်မွန်းချောင်းကျေးရွာနေ တင်ဌေးဝင်း(၂၉)နှစ်အားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် ကျော်စွာပါ ငါးဦးတို့အား သက်ဆိုင်ရာရဲစခန်းများ၌ အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်၌ လူသုံးကုန်ပစ္စည်း ၁၁ မျိုးကိုလည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ငါးစီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၁ စီးကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအနီး၌ တရားမဝင်ရေနံစိမ်း ဂါလန် ၁၆၀ ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ် စမ်းချောင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်း ငါးလုံးနှင့် ငွေစက္ကူရောရာ (ခန့်မှန်းတန်ဖိုးငွေကျပ်၂၁၃၄၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့သုံးဘီးဆိုင်ကယ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး၊ ကျောက်စိမ်းပြတ်စ၊ ကျောက်စိမ်းပုတီးစေ့နှင့် ကျောက်စိမ်းလက်ကောက်ကွင်းများ ဖမ်းဆီးရမိ

**မူဆယ် စက်တင်ဘာ ၁၀**

စက်တင်ဘာ ၇ ရက်က ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၌ တရားမဝင် သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး၊ ကျောက်စိမ်းပြတ်စ၊ ကျောက်စိမ်းပုတီးစေ့နှင့် ကျောက်စိမ်းလက်ကောက်ကွင်းများ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ မြန်မာ-တရုတ် နှစ်နိုင်ငံဝင်၊ ထွက်ပေါက် ဆင်ဖြူစစ်ဆေးရေးဂိတ်ရဲကင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မူဆယ်မြို့နယ်၊ ဟိုမွန်ရပ်ကွက်နေ ဇော်မင်းထွန်း(၃၇)နှစ် မောင်းနှင်လာသည့် YGN-17/1D---- TOYOTA CROWN အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သို့ဝှက်သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး၊ ကျောက်စိမ်းပြတ်စ၊ ကျောက်စိမ်းပုတီးစေ့နှင့် ကျောက်စိမ်းလက်ကောက်ကွင်းများ၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၄၅၀၀၀၀ ခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်မင်းထွန်းအား မူဆယ်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀-၀-၀



# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၂ ဦးအား ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- မဲ့ထော်သလေး (KK Park) နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တောင်အာဖရိကနိုင်ငံသား ခြောက်ဦး၊ တရုတ်နိုင်ငံသား လေးဦးနှင့် ကင်ညာနိုင်ငံသားနှစ်ဦး စုစုပေါင်း ၁၂ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းနေ့ချင်းပြီး ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၂၆၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို အမြန်ဆုံး စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော လုံးဆန်ဆာ ကြာပန်းအမှတ်တံဆိပ် သွေးတိုးကျဆေးနှင့် ရာဇဂြိုဟ်အမှတ်တံဆိပ် သွေးတိုးကျဆေးတို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ရရှိခဲ့သော်လည်း ထုတ်လုပ်ခွင့်လိုင်စင် လျှောက်ထားမှုမရှိခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင် သက်တမ်းကုန်ဆုံးခြင်း၊ လွှမ်းမိုးအောင် အမှတ်တံဆိပ် သွေးချို-ဆီးချိုကျဆေးကြီးနှင့် သကြားခေတ်ထိန်း ရေနွေးကြမ်းတို့သည် တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိခြင်းတို့ကြောင့် ၎င်းတိုင်းရင်းဆေးဝါး (၄)မျိုးသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင် မရှိသောတိုင်းရင်းဆေးဝါးများဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | လုံးဆန်ဆာ ကြာပန်း | သွေးတိုးကျဆေး | ဆေးပြား | TMR-011205 (1114) | မိုင်းကိုင်မြို့။ |
| ၂။ | ရာဇဂြိုဟ် | သွေးတိုးကျဆေး | ဆေးပြား | TMR-013006 (0121) | ရန်ကုန်။ |
| ၃။ | လွှမ်းမိုးအောင် | သွေးချို-ဆီးချိုကျဆေးကြီး | ဆေးပြား | - | ၉၁လမ်း၊ ၂၈-၂၉လမ်းကြား၊ ပုလိုင်းမြွှာရုံတောင်ဘက်၊ ချမ်းသာရ ဘုရားမြောက်ဘက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| ၄။ | - | သကြားခေတ်ထိန်း ရေနွေးကြမ်း | အပိုင်းအစ | - | ဖော်ပြထားခြင်းမရှိပါ။ |



တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာများ။

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၂၀၂၅ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်သည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် ၃ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် တစ်ပေမှ သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# နိုင်ငံတကာ အားကစား သတင်းများ



## 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ စက်တင်ဘာ ၁၅ရက်တွင် စတင်မည်

**တူရင် စက်တင်ဘာ ၁၀**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဖြစ်သည့် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ လာမည့် စက်တင်ဘာ ၁၅ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဖြစ်သောသူသည် ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၁၅၀၀ ရရှိမည် ဖြစ်သည်။ **(NGB)**

## ခီယေဆာအား လုံးဝရောင်းချသွားမည်မဟုတ်ဟု လီဗာပူးအသင်းထုတ်ပြန်



**လန်ဒန် စက်တင်ဘာ ၁၀**

တိုက်စစ်မှူး ခီယေဆာအတွက် မည်သည့်ကမ်းလှမ်းမှုမျိုးနှင့်မှ ရောင်းချသွားမည်မဟုတ်ကြောင်း လီဗာပူးအသင်းက အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(အပေါ်ပုံ)**

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို ဘီဆစ်တပ်စ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း လီဗာပူးအသင်းက ပယ်ချခဲ့သည်။

တိုက်စစ်မှူး ခီယေဆာသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇ ပွဲကစားပြီး ၃ ဂိုး သွင်းယူထားသည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "ခီယေဆာကို လုံးဝရောင်းချသွားမှာ မဟုတ်ပါဘူး။ သူဟာ အသင်းအတွက်ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**

## ဒယ်လီအလီကို ခေါ်ယူရန် ဝက်ဖမ်းအသင်း စီစဉ်

**လန်ဒန် စက်တင်ဘာ ၁၀**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ဝက်ဖမ်းအသင်းသည် လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေသော ကွင်းလယ်ကစားသမား ဒယ်လီအလီကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် စပါး၊ အဲဗာတန်၊ ဘီဆစ်တပ်စ်စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင် ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ဝက်ဖမ်းအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။




အသင်းလက်မဲ့ဖြစ်နေသော ဒယ်လီအလီကိုယ်တိုင်ကလည်း ဝက်ဖမ်းအသင်း၏ ကမ်းလှမ်းမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိနေသည်။

ထို့ကြောင့် ဝက်ဖမ်းအသင်းအနေဖြင့် ဒယ်လီအလီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

## နည်းပြ ပိုစတီကိုဂလူးကို ၂၀၂၇ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်း ခန့်အပ်

**လန်ဒန် စက်တင်ဘာ ၁၀**

နော်တင်ဟမ်ဖောရက်စ်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ပိုစတီကိုဂလူးကို ၂၀၂၇ ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**



အသက်(၆၀)နှစ်အရွယ်ရှိ နည်းပြ ပိုစတီကိုဂလူးသည် စပါးအသင်းကို ယူရိုပါလိဂ်ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်သည့်အပြင်၊ အခြားကလပ်အသင်းများစွာအားကိုင်တွယ်ပြီး အတွေ့အကြုံများစွာရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နော်တင်ဟမ်ဖောရက်စ်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ပိုစတီကိုဂလူကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကိုရလဒ်ကောင်းတွေရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**

## နီကိုဝီလီယံ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိ



**လန်ဒန် စက်တင်ဘာ ၁၀**

စပိန်လက်ရွေးစင်အသင်းနှင့် ဘီလ်ဘာအိုအသင်း တောင်ပံကစားသမား နီကိုဝီလီယံ ကြွက်သားဒဏ်ရာကြောင့် တစ်လနီးပါးခန့် အနားယူရဖွယ်ရှိသည်။

အဆိုပါ တောင်ပံကစားသမားသည် နိုင်ငံအသင်းဖြစ်သည့် စပိန်လက်ရွေးစင်အသင်းအတွက် ပါဝင်ကစားပေးရင်း ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တောင်ပံကစားသမား နီကိုဝီလီယံ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပိန်လက်ရွေးစင်အသင်းအတွက်သာမက ကလပ်အသင်းဖြစ်သည့် ဘီလ်ဘာအိုအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ နီကိုဝီလီယံသည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၂၂ မှ ၂၀၂၅ အထိ ပြိုင်ပွဲ ၂၈ပွဲကစားကာ ခြောက်ဂိုးသွင်းယူထားသလို၊ ကလပ်အသင်းဖြစ်သည့် ဘီလ်ဘာအိုအသင်းနှင့်လည်း ၂၀၂၀-၂၀၂၁ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၈ ပွဲကစားကာ ၃၂ ဂိုး သွင်းယူထားသည်။ **(ဝဲပုံ)(NGB)**

## နည်းပြ ဟူဝီလန်းအား နည်းပြသစ်အဖြစ် လေဗာကူဆင်အသင်းခန့်အပ်

**မြူးနစ် စက်တင်ဘာ ၁၀**

ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြဟူဝီလန်းကို ၂၀၂၇ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် မိန့်ဇ်၊ နော်ဂျေးလန် စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လေဗာကူဆင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြ ဟူဝီလန်းက "ကျွန်တော် အခုလို လေဗာကူဆင်အသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(အောက်ပုံ)(NGB)**



## ဂိုးသမား ဂျူမီဒိုမီနစ်ချ် ဘောလုံးကစားသမားဘဝမှ အနားယူ



**မက်ဒရစ် စက်တင်ဘာ ၁၀**

ဗလင်စီယာအသင်း ဂိုးသမားဟောင်း ဂျူမီဒိုမီနစ်ချ်က မိမိအနေဖြင့် ဘောလုံးကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။ **(ယာပုံ)**

အဆိုပါ ဂိုးသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဗလင်စီယာ၊ El Palo၊ Huracan စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ဖူးသည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမား ဂျူမီဒိုမီနစ်ချ်က "ကျွန်တော် ဘောလုံးကစားသမားဘဝမှ အနားယူပါပြီ။ ဘောလုံးက ကျွန်တော့်ဘဝ ကျွန်တော့်ဝါသနာပါ။ အခုလို အနားယူဖို့ ဆုံးဖြတ်ချက် ချရတာကလည်း ကျွန်တော့်မိသားစုရဲ့ ကျန်းမာရေးအခြေအနေကြောင့်ပါ။ ကျွန်တော် ဘောလုံးကစားခဲ့တဲ့အချိန်တွေကိုတော့ အမြဲအမှတ်ရနေမှာပါ" ဟု ပြောသည်။ **(NGB)**

## အင်္ဂလန်အသင်းက ဆားဘီးယားအသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ရယူ

**လန်ဒန် စက်တင်ဘာ ၁၀**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲအုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အင်္ဂလန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်္ဂလန်အသင်းက ဆားဘီးယားအသင်းကို ငါးဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့သည်။

အင်္ဂလန်အသင်းအတွက် သွင်းဂိုး ကို ပွဲချိန် ၃၃ မိနစ်တွင် ဟယ်ရီကိန်း၊ ပွဲချိန် ၃၅မိနစ်တွင် မာဒူကီ၊ ပွဲချိန် ၅၂ မိနစ်တွင် ကိုနာဆာ၊ ပွဲချိန် ၇၅မိနစ်တွင် ဂူဟီ၊ ပွဲချိန် မိနစ် ၉၀တွင် ရပ်ရှ်ဖို့ဒ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။



အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲအုပ်စုအဆင့် ပွဲစဉ်အဖြစ်လာမည့် အောက်တိုဘာ ၁၀ရက်တွင် ဝေးလ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(ဝဲပုံ)(NGB)**

### ဘောလုံးသတင်း အတိုအထွာများ

* စပိန်လာလီဂါထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် လီဗာပူးအသင်း နောက်ခံကစားသမား ကိုနာတီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* စပါးအသင်းအား ရောင်းချမည်ဆိုသော သတင်းများသည် ကောလာဟာလများသာဖြစ်ကြောင်း၊ အသင်းအနေဖြင့် လုံးဝရောင်းချသွားမည်မဟုတ်ကြောင်း အသင်းဘုတ်အဖွဲ့က အတည်ပြုကြေညာခဲ့သည်။
* မန်ချက်စတာယူနိုက်တက်အသင်းမှ ပေးအပ်ချီးမြှင့်သည့် ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံးကစားသမားဆုကို အမ်ဘူမိုက ဆွတ်ခူးခဲ့သည်။ **(NGB)**



## အာရှကျောင်းများ ဖိတ်ခေါ်(တာတို)ရေကူးပြိုင်ပွဲတွင် မြန်မာရေကူးအားကစားသမားများ ရွှေလေးခု၊ ငွေနှစ်ခု၊ ကြေးရှစ်ခုဆွတ်ခူးရရှိ

**ရန်ကုန် စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် အာရှကျောင်းများဖိတ်ခေါ်(တာတို) ရေကူးပြိုင်ပွဲ Asian Open Schools Invitational (Short Course) Swimming Championships 2025 တွင် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် Sakura Swimming Clubမှ ရေကူးကစားသမားများက ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်ရှစ်ခု စုစုပေါင်းဆုတံဆိပ် ၁၄ ခု ရရှိခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်က လူငယ်မျိုးဆက်သစ်တွေ ရွေးချယ်နေတဲ့အချိန်မှာ ကျွန်တော်တို့ ဆာကူရာကလပ်အသင်းအနေနဲ့ တစ်ထောင့်တစ်နေရာကနေ ပါဝင်ဆောင်ရွက်ရင်းနဲ့ အခုလိုမျိုးဆုရခဲ့တာပါ။ ကျွန်တော်တို့ပြိုင်တာ နှစ်ပွဲရှိသွားပါပြီ။ ပထမအကြိမ်ပြိုင်တုန်းကတော့ အကြီးတန်းမှာ ငွေတံဆိပ်တစ်ခုရတယ်၊ အငယ်တန်းမှာ ရွှေတံဆိပ်ရတယ်၊ အခုဒီနှစ်ကျတော့ ကျွန်တော်တို့ အတန်းစုံပေါ့၊ ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်သုံးမျိုးလုံးရခဲ့ပါတယ်၊ ဒီထဲမှာမှ ပထမဦးဆုံးရတဲ့ ရွှေတံဆိပ်က အခုအသစ်စသင်တဲ့ ခြောက်နှစ်အရွယ်ကလေးက ရရှိခဲ့တာဖြစ်ပါတယ်"ဟု Sakura Swimming Club နည်းပြချုပ်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်လွင်က ပြောသည်။

အဆိုပါပြိုင်ပွဲသို့ အာရှနိုင်ငံကျောင်းများမှ ရေကူးကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Sakura Swimming Club မှ ရေကူးကစားသမား ၁၉ ဦးနှင့် အုပ်ချုပ်နည်းပြများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ Sakura Swimming Club မှ ရေကူးကစားသမား ဇော်မျိုးထက်က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ ဉာဏ်လင်းထူးက ကြေးတံဆိပ်တစ်ခု၊ ဖွဲ့ညီဟိန်းက ကြေးတံဆိပ်တစ်ခု၊ ဆုပြည့်မွန်ဦးက ရွှေတံဆိပ်တစ်ခု၊ နွေးဧကရီရှိန်းက ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု၊ အံ့ဘုန်းသော်က ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်လေးခုတို့ကို နိုင်ငံ့ဂုဏ်ဆောင်ဆွတ်ခူးနိုင်ခဲ့ကြကြောင်း သိရသည်။ **လင်းရာမ**

## စစ်ကိုင်း - မင်းကွန်းကားလမ်းဘေး အလျား ပေ ၁၀၀၀ တွင် ဘိုးပိုင်အခြေပြု သံကူကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်သွားမည်

**စစ်ကိုင်း စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်း-မင်းကွန်းကားလမ်းဘေးရှိ အလျား ၁၀၀၀ ပေ၊ ဘိုးပိုင်အခြေပြုသံကူကွန်ကရစ်မြေထိန်းနံရံကို ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေဖြင့် တည်ဆောက်သွားမည်ဖြစ်သည်။

ကွန်ကရစ်မြေထိန်းနံရံ တည်ဆောက်မည့်နေရာသို့ စက်တင်ဘာ ၈ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စစ်ကိုင်းခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများပါဝင်ကြသည်။

ရှေးဦးစွာ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ စူဠာမဏိကောင်းမှုတော်စေတီတော်မြတ်ကြီးနှင့် ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံတည်ဆောက်ရေး တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက စေတီတော်ကြီးများ၊ စောင်းတန်းများနှင့် သာသနိကအဆောက်အအုံများအား ပြန်လည်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၃၉၄)



## မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆောင်ရွက်

**စဉ့်ကိုင် စက်တင်ဘာ ၁၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် လွယ်ကူစွာ ဆန္ဒမဲပေးတတ်စေရန် ရည်ရွယ်၍ ကျောက်ဆည်တက္ကသိုလ်ရှိ Theatre ခန်းမ၌ စက်တင်ဘာလ ၈ ရက် နံနက် ၉ နာရီခွဲက မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်း အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးအောင်ဆန်းဦးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး ပြည်သူများက သိလိုသည်များကိုမေးမြန်းကြရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲအရာရှိတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းကို ကိုယ်တိုင်လက်တွေ့စမ်းသပ်ဆောင်ရွက်ကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အရာရှိက မဲစာရင်းဖြင့် ဆန္ဒပြုသူအရေအတွက် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ၏ ဆန္ဒမဲလက်မှတ်များအား စိစစ်၍ မဲရလဒ်ထုတ်ပြန်ခြင်းများကို သရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၃၉၉)



## သတင်းရေးသားနည်းသင်တန်း(၃/၂၀၂၅)ဖွင့်လှစ်

**ပခုက္ကူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမ၌ သတင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာရေးသားနိုင်ရေး သတင်းရေးသားနည်းသင်တန်း (၃/၂၀၂၅) ကို ယမန်နေ့ နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့် မြို့နယ်တာဝန်ခံ ဦးစီးအရာရှိများက သတင်း၏အဓိပ္ပာယ်၊ သတင်းရေးသားရာတွင် လိုက်နာရမည့်အချက်များနှင့် စံသတ်မှတ်ချက်များ၊ သတင်းကောင်းတစ်ပုဒ် တည်ဆောက်နည်းနှင့် ရယူစုဆောင်းနည်းများ၊ သတင်းမီဒီယာဥပဒေများ၊ စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်များ၊ သတင်းသမားများ လိုက်နာရမည့် တာဝန်များနှင့် စည်းမျဉ်းစည်းကမ်းများ၊ သတင်းဆောင်းပါးရေးသားနည်းများ၊ သတင်းဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးတည်းဖြတ်နည်းများကို စက်တင်ဘာ ၉ ရက်မှ ၁၀ရက်အထိ စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၃၉၀)

## စာဖတ်ရှိန်မြှင့်တင်ရေး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**နတ်မောက် စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က စာပေလေ့လာဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ အနာဂတ်တွင် အသိပညာ ဗဟုသုတကြွယ်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရန် ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်းနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရာ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက "လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ကြပါစို့" ခေါင်းစဉ်ဖြင့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အိုးဘိုနှင့် အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား စက်တင်ဘာ ၁၃ရက်တွင် ကျင်းပမည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် ဆုပေးပွဲအခမ်းအနားတွင် ဆုများ အသီးသီး ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၅)



## (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မကွေး စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ အဆို၊ အက၊ အရေး၊ အတီးပညာရှင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအဆင့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအား မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြသည်။

ဆက်လက်၍ တေးသံရှင်ဝိုင်းချစ်နှင့် အခြေခံပညာကျောင်းသူလေးများက "ဖိတ်ခေါ်ပါရစေ မကွေးမြို့" သီချင်းဖြင့် လည်းကောင်း၊ နွေရာသီတယောသင်တန်းမှ မောင်လွင်သန့်ထူးအောင်က "တိမ်တမန်" သီချင်းဖြင့် လည်းကောင်း၊ နွေရာသီ တယောသင်တန်းအဖွဲ့မှ ကျောင်းသား၊ ကျောင်းသူလေးများက "အလှကမ္ဘာမြေ" သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူနှစ်ဦးက နှစ်ပါးသွားအကဖြင့်လည်းကောင်း အသီးသီး သီဆိုဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီးပြိုင်ပွဲ၏ ဒိုင်အဖွဲ့ဝင်များနှင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။ မကွေးတိုင်းဒေသကြီးအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်ခိုင်မင်း(ပြန်ဆက်)**

## ချမ်းမြသာစည်မြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး၊ လက်တွေ့စမ်းသပ်မဲပေးခြင်းပြုလုပ်

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်အမှတ်(၅)ရပ်ကွက်၊ ရွှေဘုန်းပွင့်ရောင်သာသနာ့ ဗိမာန်တော်တွင် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (ME-VM) ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၉ ရက် နံနက် ၉နာရီခွဲတွင် ပြုလုပ်သည်။

စမ်းသပ်မဲပေးမှုတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးလွင်က မဲဆန္ဒရှင်ပြည်သူများအား ရွေးကောက်ပွဲဆိုင်ရာ ကျင်းပမည့်လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြို့နယ်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)နှင့်ပတ်သက်၍ Power Point ဖြင့် ရှင်းလင်းပြသခဲ့သည်။

ဆက်လက်၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)စက်အသုံးပြု၍ မဲပေးပုံနည်းစနစ်များအား လက်တွေ့ ရှင်းလင်းပြသခဲ့ရာ တက်ရောက်လာကြသူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်းကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့(ချမ်း/စည်)**

# အသိပေးကြေညာခြင်း

မန္တလေးမြို့တော်အား သန့်ရှင်းသာယာလှပသော ခေတ်မီမြို့တော်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်း အဓိကလမ်းမကြီးများ၊ လမ်း၊ ပလက်ဖောင်း၊ ရေမြောင်းများပေါ်တွင် ကျူးကျော်စုပုံ တည်ခင်းပစ္စည်းထားရှိခြင်း၊ ကျူးကျော်ဆောက်လုပ်ထားရှိခြင်း၊ ကျူးကျော်ရောင်းချခြင်းများကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေအရ အောက်ဖော်ပြပါ တားမြစ်ချက်များကို လိုက်နာရန် ဖြစ်ပါသည်။**

ပုဒ်မ-၁၀၆(စ) မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ အများပြည်သူဆိုင်ရာလမ်း၊ စကြံ၊ ပလက်ဖောင်းများပေါ်တွင် ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ အိမ်ထောင်ပရိဘောဂများချထားခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပစ္စည်းများစုပုံခြင်း၊ ရောင်းချခြင်း၊ ခင်းကျင်းခြင်း သို့မဟုတ် ပြုပြင်မွမ်းမံခြင်း၊ နေလှန်းခြင်း မပြုရ။

ပုဒ်မ-၁၀၆(တ) အဆောက်အအုံများ ဆောက်လုပ်ရာတွင် ကားပါကင်၊ မီးစက်၊ ထရန်စဖော်မာတို့ကို ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း သုံးစွဲချထားခြင်း မပြုရ။

ပုဒ်မ-၁၀၉(ဂ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ၊ ကိုယ်ပိုင်ဈေးများ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

ပုဒ်မ-၁၀၉(စ) မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ မြို့တော်နယ်နိမိတ်အတွင်း နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။ လှေကားခွင်တွင် ဆိုင်ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

**သို့ဖြစ်ပါ၍ တားမြစ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက အောက်ဖော်ပြပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းကို ခံရမည်ဖြစ်ကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။**

ပုဒ်မ-၁၁၂(က) ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများအား ကော်မတီပိုင်အဖြစ် သိမ်းဆည်းခြင်း၊ ဒဏ်ကြေးငွေ အနည်းဆုံးငွေဒဏ် ကျပ် ၁၀၀၀၀ မှ အများဆုံး ငွေဒဏ် ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်း၊

ပုဒ်မ-၁၁၂(ခ) လိုင်စင်၊ မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုချက်ရရှိသူဖြစ်ပါက သတိပေးခြင်း၊ ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊

ပုဒ်မ-၁၁၅။ ထပ်မံကျူးလွန်ပါက အနည်းဆုံး ငွေဒဏ် ကျပ် ၂၀၀၀၀ မှ အများဆုံးငွေဒဏ် ကျပ် ၂၀၀၀၀၀ ထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်း ၈၆၄၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နှမ်းဧက ၈၆၄၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါနှမ်းစိုက်ခင်းများကို ယခုနှစ် "ဩဂုတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၈၆၄၀ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် နှမ်း ၉ ဒသမ ၄၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်အတွင်း နှမ်း ၂၄၀၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ၈၆၄၀ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၉ ဒသမ ၄၂ တင်း ထွက်ပါတယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး ဒေသတွင်း ဆီစားသုံးမှုဖူလုံစေဖို့၊ သီးနှံ ဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး တောင်သူတွေကို တိုးချဲ့စိုက်ပျိုးနိုင်အောင်နဲ့ GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ရန် နည်းပညာပေးတာတွေ ကြိုးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ရိတ်သိမ်းပြီး နှမ်းများကို အရည်အသွေးကောင်းမွန်အောင် စနစ်တကျထိန်းသိမ်းကြဖို့နဲ့ ရိတ်သိမ်းရန် ကျန်ရှိတဲ့ နှမ်းခင်းတွေကို အချိန်မီရိတ်သိမ်းခြွေလှေ့နိုင်အောင် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။



ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး အထွက်နှုန်းနှမ်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေး၊ မြေဩဇာနှင့်သွင်းအားစုများ အချိန်ကိုက်သုံးစွဲတတ်စေရေး စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သဖြင့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုရှိသည်။

နှမ်းကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း သိရသည်။ (ဓါတ်ပုံ)

(၄၄၅)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေး တွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



## အုန်းရည်

အုန်းရည်ကို သောက်သုံးတဲ့သူ နည်းပါတယ်။ အုန်းရည်သောက်ခြင်းဖြင့် သင့်ရဲ့ကိုယ်ခံအားစနစ်ကို သိသိသာသာ ကောင်းမွန်လာစေမှာဖြစ်ပါတယ်။

အုန်းရည်ကို တစ်ပတ်လုံးသောက်သုံးမယ်ဆိုရင် သင့်အနေနဲ့ Energy Drink သောက်ထားသလို အားပြည့်နေမှာပါ။ ဒါပေမဲ့ အုန်းရည်ကတော့ ဘေးအန္တရာယ်ကင်းပါတယ်။

အုန်းရည်သောက်ခြင်းဖြင့် သင့်ခန္ဓာကိုယ်တွင်းက ကိုယ်တွင်းအင်္ဂါတွေ သိသိသာသာ ကောင်းမွန်လာပါလိမ့်မယ်။

အုန်းရည်ဟာ အစာခြေစနစ်ကို ကောင်းစွာအထောက်အကူပြုပါတယ်။ အစာလည်း များများစားလာနိုင်သလို သိပ်လည်း မဝလာနိုင်ပါဘူး။

အုန်းရည်သောက်ခြင်းဖြင့် ဝိတ်လည်း ကျလာမှာ ဖြစ်ပါတယ်။

လေ့လာတွေ့ရှိချက်များအရ အုန်းရည်သောက်ခြင်းဖြင့် ခေါင်းကိုက်ခြင်းကိုလည်း သက်သာစေနိုင်ပါသတဲ့။

အချိန်ကြာကြာသောက်သုံးပေးမယ်ဆိုရင် အသားအရေတွေ ပြောင်းလဲလာပြီး ငယ်ရွယ်နုပျိုစေနိုင်ပါတယ်။

သွေးပေါင်ကျခြင်း၊ သွေးအားနည်းခြင်းနဲ့ နာလန်ထလူမမာ၊ သွေးလွန်တုပ်ကွေးနောက်ဆက်တွဲဆိုးကျိုးအဖြစ် တစ်ကိုယ်လုံးညောင်းညာကိုက်ခဲခြင်း ဝေဒနာများအတွက် အုန်းသီးနုရည်တစ်လုံးကို သီးစုံဓာတ်ဆားတစ်ထုပ်နှင့် ဖျော်သောက်ပါက သက်သာစေပါတယ်။



## အာလူး

အာလူးဟာ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုပေးနိုင်သော ဓာတ်များဖြင့် ဖွဲ့စည်းထားပါတယ်။ အာလူးမှာ ဗီတာမင်စီနဲ့ ဘီ ရောနှောပါဝင်မှုဟာ ကာဗွန်ဟိုက်ဒရိတ်စုပ်ယူမှုမှာ များစွာအထောက်အကူဖြစ်စေတာကြောင့် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကျန်းမာရေးပြန်လည်ကောင်းခါစ လူများနှင့် အားကစားသမားများအတွက် ကိုယ်ခံအားဖြည့်တင်းမှုအပိုင်းမှာ များစွာအကျိုးရှိစေပါတယ်။ အာလူးဟာ ခန္ဓာကိုယ် ပိန်နေသူများ၊ အလေးချိန်နည်းနေသူများ တစ်ပတ်ကို သုံးကြိမ်ခန့် စားပေးရင် ကိုယ်အလေးချိန်ကို တက်စေပါတယ်။ ထို့အပြင် အစာကြေညက်ဖို့ လွယ်ကူတာကြောင့် ကလေးငယ်တွေ၊ သက်ကြီးရွယ်အိုတွေအတွက် အထူးသင့်လျော်ပါတယ်။

အာလူးဟာ ကိုလက်စထရောကို လျှော့ချပေးနိုင်တဲ့အတွက် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ကျစေနိုင်ပါတယ်။ သွေးပေါင်ချိန်ကို ထိန်းပေးနိုင်ပြီး အာလူးမှာ ပါဝင်တဲ့ အမျှင်ဓာတ်များကြောင့် အစာခြေဖျက်ခြင်းကို ကူညီပေးနိုင်ကာ ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။ အချိုဓာတ်အနည်းငယ်သာ ပါဝင်တာကြောင့် ဆီးချို၊ သွေးချိုသမားများအတွက် အထူးစားသုံးသင့်သော ဖြည့်စွက်စာတစ်ခု ဖြစ်ပါတယ်။

အာလူးမှာ ဗီတာမင်စီ၊ ဘီနဲ့ သတ္တုဓာတ်များဖြစ်သော ပိုတက်ဆီယမ်၊ မဂ္ဂနီစီယမ်နဲ့ သွပ်ဓာတ်များပါဝင်တာကြောင့် အသားအရေကို ဝင်းပစိုပြည်စေပါတယ်။ မီးလောင်နာဖြစ်ပါက အာလူးကို ပါးပါးလှီးပြီး ကပ်ပေးခြင်းဖြင့် ရောင်ရမ်းမှုမရှိစေဘဲ သက်သာပျောက်ကင်းစေပါတယ်။ ခေါင်းကိုက်ရင်လည်း အာလူးကို ပါးပါးလှီးပြီး နားထင်နဲ့ မျက်ခုံးနှစ်ခုကြား ကပ်ပေးပါက ပျောက်ကင်းပါတယ်။ ဝက်ခြံ၊ တင်းတိပ်နဲ့ မှည့်ခြောက်များကိုလည်း အာလူးကို ရေနဲ့ ကျောက်ပြင်ပေါ် သွေးပြီး လိမ်းပေးပါက ပျောက်ကင်းပါတယ်။



## ရှောက်ရွက်

ရှောက်ရွက်ကို ကြက်သွန်ဖြူ၊ ငရုတ်ကောင်းတို့နဲ့ ဟင်းခါးချက်ပြီး အမြဲတမ်းသောက်ပေးရင် လေငန်းရောဂါပျောက်ကင်းစေပါတယ်။ ကင်ဆာရောဂါကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ရှောက်ရွက်ဟာ ကင်ဆာဆဲလ်တွေကို ခန္ဓာကိုယ်ထဲမှာ မကြီးထွားနိုင်အောင် ကာကွယ်ပေးနိုင်ပါတယ်။ တစ်ပတ်လျှင် သုံး၊လေးကြိမ်စားသုံးပေးရုံနဲ့ ကြိုတင်ကာကွယ်ပြီးသား ဖြစ်သွားမှာပါ။

ရှောက်ရွက်မှာ စိတ်ဖိစီးမှုကို လျှော့ချပေးနိုင်တဲ့ အဆီဓာတ်တစ်မျိုးပါဝင်ပြီး အနံ့က ဦးနှောက်ကို စိတ်ဖိစီးမှုလျှော့ချတဲ့ ဟော်မုန်းတစ်မျိုး ထုတ်လုပ်နိုင်အောင် နှိုးဆွပေးတဲ့အတွက် စိတ်ဖိစီးမှုဒဏ်ခံနေရသူများ အထူးစားသုံးပေးသင့်ပါတယ်။

ရှောက်ရွက်မှာ ပိုးသတ်ဆေးလိုမျိုး ပိုးမွှားတွေကို သေစေနိုင်တဲ့အစွမ်းလည်းရှိတဲ့အတွက် ဖျားနာနေရင် ဒါမှမဟုတ် ကိုယ်ခံအားကျဆင်းနေရင် ရှောက်ရွက်ကို စားသုံးပေးသင့်ပါတယ်။

ပွက်ပွက်ဆူနေတဲ့ ရေထဲကို ရှောက်ရွက်ခတ်ပြီး မနက်မိုးလင်းချိန်မှာသောက်ရင် ကိုယ်ခံအားကို မြှင့်တင်ပေးပါတယ်။ အဝလွန်၊ အနေခက်၊ အလှပျက်ကာ အဆီပို၊ ဗိုက်ခေါက်ထူနေကြတဲ့ အမျိုးသမီးတွေ၊ ခါးသေးရင်ချီ၊ စလင်းဘော်ဒီဖြစ်ချင်ကြသူတွေအတွက်တော့ အောက်ပါအတိုင်း ပြုလုပ်ပြီး သုံးစွဲနိုင်ပါတယ်။

ပုလင်းလွတ်တစ်လုံးထဲမှာ ရှောက်ရွက်အရင့် ၁၁ ရွက်ကိုထည့်ပါ။ ပြီးရင် သကြားထမင်းစားဇွန်း သုံးဇွန်းနဲ့ ရေကျက်အေး(သို့မဟုတ်)ရေသန့် အပြည့်ဖြည့် လုံအောင်ပိတ်ပြီး နေပူပူမှာ ၁၀ ရက်လောက် လှန်းထားပါ။ ရက်ပြည့်သွားလျှင် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်(ပုလင်းကိုလှုပ်ပြီး)လက်ဖက်ရည်ပန်းကန်လုံးတစ်ဝက်ခန့် နေ့စဉ်မှန်မှန် သောက်ပေးရင် တစ်လ၊ နှစ်လအတွင်း အသားအရေစစ်သွားပြီး အသည်းအဆီဖုံးတာတွေ၊ နှလုံးအဆီပိတ်ဆို့တာတွေ မဖြစ်တော့ပါဘူး။

ထိုကဲ့သို့လုပ်ဖို့ အချိန်မရသူများအနေဖြင့် ရှောက်ရွက်ကို တို့စရာအဖြစ် နေ့စဉ်စားသုံးပေးနိုင်ပါတယ်။



## ဂေါ်ရခါးသီး

ဂေါ်ရခါးသီးမှာ ကိုလက်စထရော လုံးဝမပါရှိတာကြောင့် ခန္ဓာကိုယ်အလေးချိန်ကို ထိန်းသိမ်းလိုသူများအတွက် အထူးစားသုံးပေးသင့်ပါတယ်။

ဗီတာမင်စီ၊ အက်စ်ကောဘစ်အက်ဆစ်နဲ့ Poly-Phenolic (ခေါ်) ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါရှိသဖြင့် အစာအိမ်၊ အသည်း၊ ရင်သား၊ မျိုးဥအိမ်၊ သားအိမ်၊ အူမကြီးနဲ့ အဆုတ်ကင်ဆာဆဲလ်များ ကြီးထွားလာခြင်းကို ဟန့်တားပေးနိုင်ပါတယ်။

အူသိမ်၊ အူမတို့ကို စွမ်းရည်မြှင့်တင်ပေးနိုင်တာကြောင့် ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

ဗီတာမင်ကေ ကြွယ်ဝသော ဂေါ်ရခါးသီးကို စားပေးခြင်းဖြင့် အရိုးပွခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

နာတာရှည် အိပ်မပျော်သူများအတွက် အထူးသင့်လျော်ပြီး ပင်ပန်းနွမ်းနယ်မှုများကိုလည်း သက်သာစေနိုင်ပါတယ်။

သွားဖုံးကျန်းမာရေး၊ သွားကျန်းမာရေး၊ ခံတွင်းအပူလောင်ခြင်း၊ အဆုတ်ကျန်းမာရေးနဲ့ ကျောရိုးကျန်းမာရေးတို့ကို တိုးတက်ကောင်းမွန်စေပါတယ်။

အပူဖျား၊ အအေးဖျားခြင်းနဲ့ ကူးစက်တုပ်ကွေးရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်ပါတယ်။

ဂေါ်ရခါးသီးမှာ မဂ္ဂနီစီယမ်ဓာတ်ပါရှိတာကြောင့် ပုံမှန်စားသုံးပေးရင် ခြေသလုံးကြွက်သားများ ကြွက်တက်ခြင်းမှ ကာကွယ်ပေးနိုင်ပါတယ်။

နှလုံးရောဂါသည်များကို ဂေါ်ရခါးသီးကျွေး၍ ဆေးသုတေသနပြုလုပ်ခဲ့ရာ အသီးထဲတွင်ပါရှိသော ဖောလိပ်၊ ပိုတက်စီယမ်နဲ့ မဂ္ဂနီစီယမ်ဓာတ်ပေါင်းစုများသည် သွေးထဲရှိ Homocysteine ပမာဏကို လျှော့ချပေးနိုင်သဖြင့် နှလုံးရောဂါသာမက နှလုံးရောဂါနှင့်ဆက်စပ်သည့် လေဖြတ်ခြင်းများကိုပါ မဖြစ်စေနိုင်ဟု ဆိုပါတယ်။

ဂေါ်ရခါးသီးသာမက ဂေါ်ရခါးပင်၏ အရွက်၊ အညွန့်တို့ကလည်း ဆေးဖက်ဝင်တာကြောင့် အရွက်ကြော်၊ ဟင်းချို၊ ကြော်ချက်ဟင်း၊ အရွက်ပြုတ်လုပ်၍ စားသုံးသင့်ပါတယ်။ အရွက်၊ အညွန့်တို့ကို အစိမ်း(သို့မဟုတ်)အခြောက်ခံပြီး လက်ဖက်ရည်ကြမ်းအဖြစ် ပုံမှန်သောက်သုံးပေးပါက သွေးတိုးကျစေခြင်း၊ သွေးကြောမကြီးများ ပိတ်ဆို့တင်းမာမှုကို ပြေလျော့စေခြင်း၊ ဆီးရွှင်စေခြင်း၊ ကျောက်ကပ်ထဲရှိ ဆီးကျောက်များကို ကျေစေခြင်း စသည့် ကျန်းမာရေးကောင်းကျိုးများကို ရရှိစေမှာဖြစ်ပါတယ်။

### သတိပြုရန်

ဂေါ်ရခါးသီးစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများသုံးစွဲကြသဖြင့် မစားသုံးမီ ရေစင်အောင်ဆေးကြောပြီး ရေထဲတွင် ကြာကြာစိမ်ထားရန် လိုအပ်ပါတယ်။



## ထိကရုံးပင်

ထိကရုံးပင်ဟာ သွေးတွင်းသကြားဓာတ်ကို ကျစေတဲ့အတွက် ဆီးချိုသမားတွေနဲ့ ဆီးချိုဖြစ်နိုင်ခြေရှိသူတွေအတွက် ကောင်းတဲ့ဆေးတစ်လက်ဖြစ်ပါတယ်။ ကျောက်ကပ်ကို အားဖြည့်ပေးပြီး အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်ပါတယ်။ ကျောက်ကပ်ရောင်ရမ်းတာကိုလည်း သက်သာစေပါတယ်။ အိပ်မပျော်တာကို သက်သာစေပြီး စိတ်ကိုငြိမ်သက်စေလို့ ကောင်းစွာအိပ်ပျော်စေပါတယ်။ ကိုယ်လက်ကိုက်ခဲတာ၊ အကြောတက်တာ ဒါမှမဟုတ် လက်ဖျား၊ ခြေဖျားတွေ ထုံကျဉ်နေတာကို သက်သာစေပါတယ်။ ရေရှည်ဖြစ်နေတဲ့ အနာတွေနဲ့ ပိုးဝင်နေတဲ့ အနာတွေကို ကုသပေးနိုင်ပါတယ်။ ဘက်တီးရီးယားတွေကို သေစေနိုင်ပြီး ပွေး၊ ညှင်းနဲ့ အရေပြားရောဂါတွေကို ကုသပေးနိုင်ပါတယ်။

ထိကရုံးပင်တစ်ပင်လုံးကို နုတ်ယူပြီး ရေတစ်လီတာနဲ့ သုံးခွက်တစ်ခွက်တင်ပြုတ်ပြီး တစ်နေ့လျှင် နှစ်ကြိမ်သောက်ပေးပါက အထက်ပါရောဂါများ ပျောက်ကင်းစေပါတယ်။

ထိကရုံးပင်တစ်ပင်လုံးကို ရေစင်အောင်ဆေး၊ အခြောက်လှန်းပြီး ရေနွေးနဲ့ နေ့စဉ်သောက်သုံးပေးနိုင်ပါတယ်။ အနာဖြစ်ရင်လည်း ထိကရုံးရွက်တွေကို ထုထောင်းပြီး အနာပေါ်ကို အုံပေးပါက ပျောက်ကင်းစေပါတယ်။



## ဒူးနာ၊ ဂေါက်ရောဂါ၊ ခြေထောက်နာ၊ အဆစ်အမြစ်နာ၊ ခါးနာ၊ ခြေဖနောင့်နာ ရောဂါများအတွက် ဆေးနည်း

စပါးလင် လေးပင်၊ ငါးပင်ကို ထုထောင်းပြီး ရေနှစ်လီတာနဲ့ ဆူပွက်လာတဲ့အထိ ပြုတ်ပါ။ ဆူပွက်လာပြီဆိုရင် မီးလျှော့ပြီး ၁၅ မိနစ်လောက်ကြာအောင် ဆက်တည်ထားပါ။ (တည်ထားစဉ် အိုးအဖုံးကို လုံးဝမဖွင့်ရပါ။)

၁၅ မိနစ်ပြည့်ရင် အအေးခံထားပါ။ ရေအစားတစ်ပတ်ခန့်သောက်သုံးပေးပါက ဒူးနာ၊ ဂေါက်ရောဂါ၊ ခြေထောက်နာ၊ အဆစ်အမြစ်နာ၊ ခါးနာ၊ ခြေဖနောင့်နာရောဂါများ ပျောက်ကင်းပြီး အဆိပ်အတောက်များကိုလည်း ဖယ်ရှားပေးပါတယ်။

"အာရောဂျံ ပရမံ လာဘံ"

ကိုးကား - Tik Tok

## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသိ

| | |
|---|---|
| စာအုပ်အမည် | - သန္တိနှင့် သုခ |
| စာရေးသူ | - ပါရဂူ |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၇၀၀၀ ကျပ် |
| ထုတ်ဝေသည့် ကာလ | - ၂၀၂၅ ခုနှစ် ၊ ဩဂုတ်လ (တတိယအကြိမ်) |
| စာမျက်နှာ | - ၁၇၂ မျက်နှာ |

စာရေးသူ ဆရာပါရဂူ၏ စကားဦးအမှာစာနှင့်အတူ ၂၀၀၆ အိပ်မက်ရိပ်စာပေ၏ ပထမအကြိမ်မှုအတိုင်း ထွက်ရှိလာသော စာအုပ်ဖြစ်သည်။

စာအုပ်တွင် လူသား၊ တူညီမျှတမှုနှင့် လွတ်လပ်မှု၊ ပစ္စည်းထုတ်လုပ်မှုနှင့် ဖြန့်ဝေမှု၊ ဥစ္စာဓန၊ လူ့အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးချင်း၊ ဘာသာတရား၊ လူ့ဘဝ၊ ထိတ်လန့်ခြင်းနှင့် ကျန်းမာခြင်း၊ ရှေ့သို့၊ တုံ့ပြန်မှု၊ လူ့ကျင့်ဝတ်၊ ကလေးသူငယ်နှင့် လူကြီး မိတ၊ မိသားစု၊ ကတညုတ ကတဝေဒီ၊ သန္တိနှင့်သုခဆောင်းပါးတို့ကို စုစည်းထားခြင်းဖြစ်သည်။

လူမှုရေး၊ စီးပွားရေး၊ နိုင်ငံအရေး၊ မိသားစုအရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူ့ကျင့်ဝတ် စသော လူ့ဘဝ၏ နယ်စုံထောင့်စုံနှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးတင်ပြထားသည်။ ကိုယ်တွေ့နှင့် စာတွေ့ နှစ်မျိုးရောနေသော စာများကို ဖတ်ရှုရမည်ဖြစ်ပြီး ဘဝအတွေ့အကြုံနှင့် စာပေဩဇာ လွှမ်းမိုးမှုကို လေ့လာအကဲခတ်နိုင်မည့် စာအုပ်ကောင်းဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




| | |
|---|---|
| စာအုပ်အမည် | - တတိယမြစ်ကမ်းပါးနှင့် နိုင်ငံတကာဝတ္ထုတိုများ |
| စာရေးသူ | - မြသန်းတင့် |
| ထုတ်ဝေသည့်စာပေတိုက် | - စိတ်ကူးချိုချိုစာပေ |
| တန်ဖိုး | - ၁၅၀၀၀ ကျပ် |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ(ဒုတိယအကြိမ်) |
| မျက်နှာဖုံးပန်းချီ | - မင်းဇော် |
| စာမျက်နှာ | - ၃၂၉ မျက်နှာ |

၂၀၁၉ စားတော်စာပေ၏ ပထမအကြိမ်ထုတ်ဝေသော အမှာစာနှင့်အတူ ထွက်ရှိလာသော နိုင်ငံတကာဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်သည်။




စာအုပ်တွင် နိုင်ငံအစုံဖြစ်သော အင်္ဂလိပ်၊ မက္ကဆီကို၊ ဆိုဗီယက်၊ ပိုလန်၊ အိန္ဒိယ၊ တရုတ်၊ ဘရာဇီး၊ ရုရှား၊ အမေရိကန်၊ ပြင်သစ်၊ ဂျာမန်၊ ဆွီဒင်တို့မှ စာရေးဆရာများ၏ ဝတ္ထုတိုများကို ဘာသာပြန်ထားကာ လူကြီးလူကောင်း၊ သူတို့ပေးသော မြေ၊ နေ့လယ်စာ၊ မော်လီကျူလာကဖီး၊ ဝေါသည်အဘွားအို၊ ဥပုသ်ထွက်၊ နံကောင်နှင့် ပုရွက်ဆိတ်၊ သန်းခေါင်စာရင်းမရှိသူ၊ အသွားနဲ့အပြန်၊ တတိယမြစ်ကမ်းပါးလမ်းအမည်ပြောင်းခြင်း၊ ပိန်ခြင်း ဖောင်းခြင်း နိမ့်ခြင်း မြင့်ခြင်း၊ ခြေရာကြီးတော့ ကျားကြီး၊ ပြန်လည်ဆုံတွေ့ခြင်း၊ လွတ်ပြီ ကျွတ်ပြီ၊ အဘိုးကြီးအိုခါးကုန်းကုန်းမသေပါနဲ့ဦး၊ အချစ်ဖူးပွင့်ဝေ၊ ညစာထမင်းဝိုင်း၊ ထိုအိပ်မက်၊ ညဥ့်ငှက်တစ်ကောင်အဖြစ် အသွင်ပြောင်းခြင်း၊ ကျွန်တော့်လူနာများ(၁)၊ အို…ချစ်သူ၊ မျှော်မျှော်သူ မောရရှာတယ်၊ ဇာတ်နိမ့်သူ၊ အမာရွတ်ကြီးနဲ့လူ၊ သွေးစွန်းသောအလံ၊ အိန္ဒြာတို့ဖြစ်သည်။

နိုင်ငံတကာဝတ္ထုဖတ်လိုသူများ သဘောကျနှစ်သက်မည့် စာအုပ်ဖြစ်ရာ စိတ်ကူးချိုချို(မန္တလေး)စာအုပ်အရောင်းဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## သူနာပြုတက္ကသိုလ်(မန္တလေး)တွင် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ




**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂ လမ်းနှင့် ၆၃ လမ်းကြား၊ ၁၀၄ လမ်းနှင့်၁၀၅လမ်းကြား သူနာပြုတက္ကသိုလ်(မန္တလေး)ရှိ ဘက်စုံသုံးခန်းမတွင် လူငယ်များဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သူနာပြုတက္ကသိုလ်(မန္တလေး)နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို စက်တင်ဘာ ၉ရက် နံနက် ၁၀နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သူနာပြုတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ခင်ဝင်းစိန်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါတက္ကသိုလ်မှ စတုတ္ထနှစ်ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်ဘုန်းသက်ရှည်နှင့် မအိရွှေစင်တို့က 'လူငယ်နှင့် သုတေသန' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တတိယနှစ် ကျောင်းသား၊ ကျောင်းသူများဖြစ်ကြသည့် မောင်မြတ်နိုးအောင်နှင့် မမေဖူးပွင့်ခိုင်တို့က 'လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြရာ တက်ရောက်လာသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

လူငယ်စကားဝိုင်းသို့ သူနာပြုတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ ခင်ဝင်းစိန်၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သူနာပြုတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ လေ့လာစို့။

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## သစ္စာအလင်း

* ကူးတို့ပမာ
ဒီခန္ဓာ
မှန်စွာယူရပေ။
* နာမ်ခန္ဓာမှု
လေ့စီးသူ
စုံတူလော်ကြစေ။
* ဇာတိကမ်းမှ
မရဏာ
သွားကြအမှန်ပေ။
* အိုနာ နစ်ဝ
တွေ့ကြုံရ
နေ့ ညမဆိုင်းပေ။
* နာခံတရား
နေ့စဉ်ပွား
မှတ်သားမေတ္တာဝေ။
* ဖြစ်ပျက်မြင်ကာ
တစ်ရက်တာ
သစ္စာအလင်းဝေ။
* အကုသိုလ်များ
ရှောင်ကာရှား
ကြိုးစားကုသိုလ်ခြွေ။
* သီလငါးဖြာ
ဘေးရန်ကွာ
သာယာချမ်းမြေ့စေ။ ။

**မြကြာဖြူ(မြစ်ငယ်)**





## ဓမ္မဝါဒီကမ္ဘောဇသီလရှင်စာသင်တိုက် နှစ်ထပ်ကျောင်းဆောင်သစ် ပန္နက်တင်မင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ပြည်ကြီးတံခွန်မြို့နယ်၊ တံခွန်တိုင် (မြောက်ဥယျာဉ်)ရပ်၊ ရန်အောင်မင်္ဂလာလမ်းရှိ ဓမ္မဝါဒီကမ္ဘောဇ သီလရှင်စာသင်တိုက် နှစ်ထပ်ကျောင်းဆောင်အသစ် ပြန်လည်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မဟာဓမ္မကထိက ဟိတဓရပေါ်ကြီးဆရာတော် ဒေါက်တာဒေဝိန္ဒ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေပြည် မစိုးရိမ်ကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍကုနက၊ ဇီယက်နမ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဦးဝိမလ အမှူးပြုသော ပင့်သံဃာတော်များ၊ ခရိုင်သာသနာရေးမှူး ဦးအောင်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ ဓမ္မဝါဒီကမ္ဘောဇ သီလရှင်စာသင်တိုက် ဆရာလေး ဒေါ်ဓမ္မစာရီနှင့် သီလရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖားအောက်တောရဆရာတော်ကြီးအားအမှူးထား၍ ဖားအောက်တောရ(ပြင်ဦးလွင်) ငလျင်ကူညီရေးအလှူရှင်များအဖွဲ့က ကျောင်းဆောင်တည်ဆောက်ရေးအတွက် အလှူငွေကျပ် သိန်း၂၀၀၀၊ ဇီယက်နမ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဦးဝိမလနှင့် ဇီယက်နမ်အလှူရှင်များက ပထမအကြိမ် အလှူငွေကျပ် သိန်း ၁၅၀၀၊ ဦးစိုင်းမောင်ထွန်း+ဒေါ်နန်းမြစိန် အွန်ဟော်ကုမ္ပဏီ မိသားစုက အလှူတော်ငွေကျပ် သိန်း ၃၀၀၊ ဦးချစ်စိန်+ဒေါ်နန်းအေးထွေး (သား)ဝေယံလင်းထက်(ခ) ချန်ချန် AT-ဝေယံသိန်း ကုမ္ပဏီမိသားစုက အလှူငွေကျပ် သိန်း ၃၀၀၊ ဒေါ်ခင်ခင်ရီ ရှိုင်းဟုပ်ကုမ္ပဏီက အလှူငွေကျပ် သိန်း ၁၀၀၊ ကွယ်လွန်သူ (ဒေါ်နန်းနှင်းနီလာ)အား ရည်စူး၍ ဦးစိုင်းအိုက်အောင်မိသားစုက အလှူငွေကျပ် သိန်း ၅၀၊ ဦးစိုင်းတင်သန်းဦး+ဒေါ်နန်းအဲဆော(သမီး)ကိုစိုး+မနန်းဆိုင်နွန်း(သား)စိုင်းကျော်ကျော်နိုင် မိသားစုက အလှူငွေကျပ် သိန်း ၅၀၊ မန္တလေးမြို့၊ ကျွဲဆည်ကန်နေ မိခင်ကြီးဒေါ်အမာ အမှူးထား၍ ဦးစိုင်းအောင်မိန်း+ဒေါ်နန်းခမ်းအေး မိသားစုONE STAR လယ်ယာသုံးပစ္စည်းအရောင်းဆိုင်က အလှူငွေကျပ် သိန်း ၅၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ သီလရှင်ဆရာလေး ဒေါ်ဓမ္မစာရီက လက်ခံရယူကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၃)



ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့ နန်းတော်ရှေ့စီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် အောင်မြေသာစံမြို့နယ်၊ ၆၂(B)လမ်း၊ ၂၃လမ်းနှင့်၂၄လမ်းကြားနေ ဦးဝင်းမြင့်+ဒေါ်စိန်စိန်မိသားစုက နှစ်ဖက်မိဘဆွေမျိုးများအားအမှူးထား၍ ဆေးပဒေသာပင်ငွေကျပ် ၁၀ သိန်းကို ယမန်နေ့က ၆၂ လမ်းနှင့်၁၅လမ်းထိပ်ရှိ အလှူခံဌာနတွင် လှူဒါန်းရာ ဆေးရုံဥပဋ္ဌာကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူစဉ်။

(မန္တလေးနေ့စဉ်-၁)

## ဆုံဆည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း(၂၀၅)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၁၀**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၅)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ အသင်းရုံးရှေ့၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား ကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။ **(အောက်ပုံ)**

(၂၀၅)ကြိမ်မြောက်ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင် ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီးဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ ကိုလှိုင်မြင့်(စတီးဆိုင်၂၆လမ်းမိသားစု)၊ ဒေါ်မမ(ပတ္တမြားသုခ)မိသားစု၊ အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး သွားနှင့် ခံတွင်းဆေးခန်းမိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင်မိသားစု၊ ကိုကျော်ကျော်+မတင်မမ (မြရောင်ခြည်) ကဖေးမိသားစု၊ ကိုခင်မောင်သန်း+မချို(မြေစာရင်း)မိသားစု၊ ဒေါ်သန်းကြည်အားရည်စူး၍ ကျန်ရစ်သူမိသားစု၊ ဦးကျော်သူနှင့်ဇနီးမိသားစု၊ ဦးသိန်းတန်အားရည်စူး၍ ဒေါ်စန်းရီ (သစ္စာရိပ်မွန်) မိသားစုတို့က မ,တည်လှူဒါန်းခဲ့ကြပြီး အဆိုပါအသင်းကြီးသည် လစဉ်မြန်မာလဆန်း ၃ ရက်နေ့တိုင်း ဆွမ်းလောင်းလှူလျက်ရှိရာ ပါဝင်လှူဒါန်းလိုသူအလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၀၂၅၃၀၃၇၄ နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၁)**



## ပညာရေးဌာန မိသားစုများက သံဃာတော်များအား အရုဏ်ဆွမ်း လောင်းလှူ

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် ပညာရေးဌာနမိသားစုများ စုပေါင်း၍ ယမန်နေ့ နံနက် ၄ နာရီက ဆင်ပေါင်ဝဲမြို့၊ ပညာရေးမှူးရုံး၌ သံဃာတော်များအား အရုဏ်ဆွမ်းလောင်းလှူခဲ့ကြသည်။

ဆွမ်းလောင်းလှူပွဲသို့ မြို့နယ်ပညာရေးမှူးရုံးမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော် ၆၄ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်းများ လှူဒါန်းခဲ့ကြပြီး ကမ္ဘာအေးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်အား မုန့်ဆွမ်းဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)



မျက်စိလျှကြ မျက်ကြည်ရ
မြတ်သည့် လှူဒါန ။

## စစ်ကိုင်းခရိုင်ပြည်သူ့စာကြည့်တိုက်သို့ သုတ၊ ရသ စာအုပ်များ လှူဒါန်း

**စစ်ကိုင်း စက်တင်ဘာ ၁၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံးသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အား ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ရုံးအဆောက်အအုံ ပြိုကျပျက်စီးခဲ့ရာ ပြည်သူ့စာကြည့်တိုက်ရှိ သုတ၊ ရသ စာအုပ်များလည်း ပျက်စီးဆုံးရှုံးခဲ့သည်။ **(ယာပုံ)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်ကိုင်းခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်အတွက် ရန်ကုန်မြို့နေ ဦးဝင်းလှိုင်ဦး (ဒါရိုက်တာ၊ ဝန်ဇင်းစာပေ၊ Wun Zinn Myanmar Ebook Store၊ Bagan Innovation Technology) မှ သုတ ၃၀၀ အုပ်၊ ဝတ္ထု ၁၃၂ အုပ်၊ ကဗျာ ၅၈ အုပ်၊ ရုပ်ပြ ၁၄၀ အုပ်၊ ပုံပြင် ၁၀ အုပ်၊ စုစုပေါင်း ၆၄၀ အုပ်၊ တန်ဖိုးငွေကျပ် ၃၂၀၀၀၀၀ ရှိ စာအုပ်များအား လှူဒါန်းခဲ့သည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စစ်ကိုင်းမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ ရွေ့လျားစာကြည့်တိုက် (Mobile Library) စနစ်ဖြင့် အပတ်စဉ်သွားရောက်၍ သုတ၊ ရသစာအုပ်၊ စာစောင်များ(အခမဲ့)ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)



# သို့သော် တစ်ခါတစ်ရံမှာတော့

ကျွန်တော်စာမဖတ်ဖြစ်သည်မှာ အတော်ကြာခဲ့ပါပြီ။ အကြောင်းကြောင်းကြောင့်ဟု ဆိုရမည်ထက် မိမိ၏ဌာနမှ အငြိမ်းစားယူခါနီးကာလတွင် အဖုအထစ်မဖြစ်လို၍ လုပ်ငန်းအပေါ်တွင် အာရုံစိုက်နေရသောကြောင့်ဖြစ်ပါသည်။ ဆရာ အောင်တင်ဝင်း(ငါ့သရောက်)မှ လက်ဆောင်ပေးထားသောဆရာကျော်သူ(ဥပဒေ၊ ဒဿန)၏ 'ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ' ဆောင်းပါးပေါင်းချုပ်စာအုပ်အား ဖတ်ရန်အတွက် အလုပ်သွားစဉ် ထည့်သွားခဲ့သော်လည်း အားချိန်မရ၍ မဖတ်ဖြစ်ခဲ့ပါ။ ခုမှသာလျှင် အသေအချာ ဖတ်နိုင်ပါတော့သည်။

ထိုစာအုပ်ကို ဦးစိုးလွင်(၀၁၄၇၆) သစ္စာရောင်ခြည်စာပေတိုက် သဃ်္ဃန်းကျွန်း ရန်ကုန်မှ ထုတ်ဝေ၍ ဒေါ်ခင်ခင်ဝင်း ရတနာဦးသွင် ရောင်စုံပုံနှိပ်တိုက်(၀၀၁၄၅)ဗဟန်းမြို့နယ် ရန်ကုန်မှ ပုံနှိပ်ပါသည်။ ၂၀၂၅ခုနှစ်၊ မေလတွင် ထုတ်ဝေ၍ မျက်နှာဖုံးပန်းချီ အောင်သန်းညို၊ စာပြင်မှာ အောင်တင်ဝင်း(ငါ့သရောက်)ဖြစ်ပါသည်။

အမှာစာကို ဆရာမောင်ဉာဏ်သစ်နှင့် ဆရာ အောင်တင်ဝင်း(ငါ့သရောက်)တို့က ရေးသား၍ အတွေးအမြင်၊ ရုပ်ပုံလွှာ၊ ဥပဒေ၊ ပရဟိတဟူ၍ ကဏ္ဍခွဲလျက် တင်ပြထားပါသည်။

ဆရာကျော်သူ(ဥပဒေ၊ဒဿန)နှင့် ဆရာမောင်ဉာဏ်သစ်တို့သည် ငယ်သူငယ်ချင်းများဖြစ်သည့်အားလျော်စွာ ငယ်ဘဝ၊ ငယ်ပုံရိပ်နှင့် ဆရာကျော်သူအတွက် ဤစာအုပ်နှင့်ပတ်သက်၍ ဝမ်းသာပီတိနှင့် မုဒိတာပုံရိပ်တို့က အမှာစာတွင် တွေ့ရှိရပါသည်။

ဆရာအောင်တင်ဝင်း(ငါ့သရောက်)၏ အမှာစာ၌ မန်းဌာနေမှ စာရေးဆရာဖြစ်သည့်အလျောက် မန်းသကြီန်ဆောင်းပါးကို ရှေ့တန်းတင်ကာ သုံးသပ်ထားပါသည်။ခေါင်းစဉ်ယူထားသည့် 'ရွေးချယ်ကြမယ် သို့သော် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ' ဆောင်းပါးကို ထုတ်နုတ်ခြယ်သကာ အကျယ်တဝင့် ရေးသားထားပါသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်ကြီးတွင် လူငယ်နှင့် ဟန်းဖုန်းမှာ တစ်သားတည်းဖြစ်နေကြသည်မှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ တိုးတက်မှုနှင့်အတူ ရင်ပေါင်တန်းလျက် ကျွန်တော်တို့နိုင်ငံမှ လူငယ်များ တစ်ပါတည်း လိုက်ပါစီးမျောနိုင်ကြသည်မှာလည်း အားရဝမ်းသာစရာဖြစ်ပါသည်။ သို့သော် မတူညီသောယဉ်ကျေးမှု၊ မတူညီသော အတွေးအခေါ်၊ မတူညီသော ပုတ်ခတ်မှုတို့က လူငယ်များကို နစ်မွန်းစေနိုင်သကဲ့သို့ ကောင်းမွန်သောအတွေး ဆန်းသစ်သောပညာရပ်နက်နဲသော၊ ဒဿနများကလည်း လူငယ်များကို အမြင်ကျယ် အသိတိုးကာ လျှောက်နေကြသော ဘဝခရီးလမ်းအတွက် အချိန်ကုန်သက်သာစွာ အောင်ပန်းဆွတ်နိုင်မည်မှာအမှန်ပင်။ ထို့ကြောင့် အသိအတွေးနှင့် စစ်မှန်သော ပညာရရှိရန်အတွက် အွန်လိုင်းစာအုပ်စင်မှ ဒဿနစာအချို့ကို တင်ပြလျက် အွန်လိုင်းတွင် ခေတ်စားနေသော ဖျော်ဖြေရေးအစီအစဉ်များကိုလျှော့ကာ အတွေးအမြင်သစ်များကို ဖတ်ရှုလေ့လာစိတ်ဝင်တစား ရှိကြစေရန် ချပြသည့် 'အွန်လိုင်းစာအုပ်စင်မှ ဒဿနစာစုများ' ဆောင်းပါးကို ဖတ်ရှုရမည်ဖြစ်ပါသည်။

စာပေသမားတစ်ယောက်၏အမြင်သည် စာပေအတွက်သာဦးတည်သကဲ့သို့ ဆရာသည် သူလေးစားချစ်ခင်တန်ဖိုးထားသော ဆရာနန္ဒာသိန်းဇံနှင့် တွဲဖက်ကာ ငယ်သူငယ်ချင်းများနှင့်အတူ မှတ်တမ်းတင်ထားသော ဓာတ်ပုံတစ်ပုံကို အကြောင်းပြု၍ ဆောင်းပါးကောင်းတစ်ပုဒ်ကို ရေးသားနိုင်ခဲ့သည်မှာ စာပေသမားကောင်းတစ်ယောက်၏ လက္ခဏာပင်ဖြစ်ပါသည်။ 'ဓာတ်ပုံလေးတစ်ပုံ၏ နောက်ကွယ်မှ အသွင်သဏ္ဍာန်ပုံရိပ်များ' ဆောင်းပါးက သက်သေပြုလေသည်။

ကျွန်တော်တို့ လူသားများသည် အတွေးရေအလျဉ်ကြောတွင် မျောနေတတ်ကြပါသည်။ထိုအခါ ကောင်းသည့်အတွေးလည်းရှိမည်၊ မကောင်းသည့်အတွေးလည်းရှိမည်။ သို့သော် ပုထုဇဉ်လူသားတို့၏ သဘာဝအရ မကောင်းသည့်ဘက်တွင် မွေ့လျော်တတ်ပါသည်။ထိုအမှုအကျင့်ကို မည်သို့မည်ပုံပြောင်းလဲနေထိုင်ခြင်းဖြင့် တန်ဖိုးရှိသော အတွေ့ဒဿနများဖြင့် ဆက်လက်ရှင်သန်သွားသင့်သည်ကို 'အတွေးတစ်ခု၏ နောက်ကွယ်မှာ' ဟူသော ဆောင်းပါးဖြင့် ညွှန်းဖွဲ့ထားပါသည်။

လူတိုင်းကြုံတွေ့ရမည့် အခက်အခဲများစွာထဲမှ တစ်ခုကို ပြောပါဟုဆိုလျှင် 'ရွေးချယ်ခြင်း' သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် လွဲချော်ခဲ့ပါလျှင် ဆုံးရှုံးနစ်နာမှုက တန်ဖိုးကြီးနိုင်သောကြောင့် ဖြစ်သည်။ ဂုဏ်သိက္ခာ ငွေကြေးအစရှိသည်ဖြင့်ပေါ့။ တစ်ခါတစ်ရံ ကျဉ်းထဲကျပ်ထဲ ရွေးချယ်ရန် ခက်ခဲစွာ ရင်ဆိုင်နေရသည့်အခါ တစ်ဖက်သောသူ၏ ဖြူစင်သောစိတ်၊ ညစ်နွမ်းသောစိတ်အပေါ်တွင်မူတည်၍ အခြေတည်တတ်သည်။ ဆရာ၏ 'ရွေးချယ်ကြမယ် တစ်ခါတစ်ရံမှာတော့ မောင့်သဘောအတိုင်းပါပဲ' ဆောင်းပါးကိုဖတ်၍ ဆက်လက်တွေးခေါ်စေလိုပါသည်။ အဘယ်ကြောင့်ဆိုသော် အတွေးဒဿနသည် လူ၏ဦးနှောက်ကို ဆန်းသစ်စေသောကြောင့်ဖြစ်ပါသည်။ အများအတွက်၊ တစ်ယောက်အတွက် အများဟူသောစကားကို လူတိုင်းကြားဖူးကြပါလိမ့်မည်။ အများကောင်းကျိုးအတွက် တစ်ယောက်သောသူမှ စွန့်လွှတ်အနစ်နာခံသကဲ့သို့ အများမှ တစ်ယောက်သောသူအတွက် ဦးတည်စဉ်းစားပေးရန် လိုအပ်ကြောင်းကို 'ကင်းခြေများ တစ်ကောင်၏ ရွေ့လျားမှုအတွေးအမြင်' ဆောင်းပါးဖြင့် တင်ပြထားပါသည်။

လူတိုင်းလူတိုင်းသည် မိမိတို့၏မွေးနေ့ကို တန်ဖိုးထားကြသကဲ့သို့ မွေးနေ့၌ ထူးထူးခြားခြား အလှူအတန်းသော်လည်းကောင်း၊ ကောင်းသောအမှုတစ်ခုကိုသော်လည်းကောင်း ပြုလုပ်တတ်ကြသည်။မွေးနေ့ကိတ်၊မွေးနေ့သီချင်းနှင့်ပတ်သက်သော စသည်စသည်များကို ရောမခေတ်မှစခဲ့သည့် ယဉ်ကျေးမှုသည် ကမ္ဘာအနှံ့ပျံ့နှံ့ခဲ့ခြင်းနှင့်ပတ်သက်၍ ဖတ်မှတ်သင့်သည့်ဆောင်းပါးမှာ 'မွေးနေ့မှသည်' ဟူသော ဆောင်းပါးပင်ဖြစ်သည်။

ဆရာသည် မန္တလေး၏ မြို့ပြအရသာကို ငယ်စဉ်ကတည်းက တစိုက်မတ်မတ် ခံစားထိတွေ့ခဲ့ရသူဖြစ်ပါသည်။ ထို့ကြောင့် ခေတ်ဟောင်းမန္တလေးနှင့် ခေတ်သစ်မန္တလေးကြား ကွာဟလာသည့် ယဉ်ကျေးမှုနှင့်အတူ ယာဉ်အန္တရာယ်အတွက် ပူပင်မိလေသည်။ 'ကားမောင်းလျှင် အကုသိုလ်ဖြစ်နေပြီလား' ဟူသော ဆောင်းပါးဖြင့် လက်ရှိကာလ၌ ယာဉ်အန္တယ်ကင်းရှင်းမှုအတွက် ပညာပေးဆောင်းပါးကို ရေးသားဖြစ်ခဲ့သည်။

ဤစာကို ဖတ်ရှုနေသော သင်သည် 'အားနာ' တတ်ပါသလား။ အားနာတတ်သော အကျင့်ရှိလျှင် ယခုအချိန်ကပင် ပြင်လိုက်ပါ။ ထို့အတူ ကျွန်ုပ်သည်လည်း ပြင်ရပါမည် အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သည်လည်း အလွန်အားနာတတ်သောကြောင့် ဖြစ်ပါသည်။ ပြောသင့်ပြောထိုက် ဆိုသင့်ဆိုထိုက်သည်များကို ရှောင်လွှဲခြင်းသည်လည်း အပြစ်တစ်ခုဟု ဆိုရပေမည်။ ထို့ကြောင့်ဆရာမှ 'အားနာပါတယ် ဒါပေမဲ့ ပြောသင့်ပြောထိုက်တာကို ပြောရဦးမည်' ဟူသော ဆောင်းပါးကို ရေးသားခဲ့ပါသည်။ မြန်မာအစ တကောင်းက၊ မြန်မာအစ ကျောက်ဆည်က စသည်ဖြင့် ဆိုကြသော်လည်း မြန်မာဟူသည်မှာ လျင်မြန်သော ဂုဏ်သတ္တိနှင့်ပြည့်စုံ၍ မလျှော့သော လုံ့လ၊ ဝီရိယတို့ဖြင့် ဇာတိသွေး၊ ဇာတိမာန် ခက်ထန်တင်းမာ




သော စိတ်ရင်းရှိသည့်လူမျိုးဟု ဒုတိယ အောင်ကျော်စံထား၏ ဝေါဟာရဏ္ဍပကာသနီကို ညွှန်းလျက် ဖွင့်ဆိုထားပါသည်။ ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ စိတ်သဘောထားဖြူစင်ခြင်း၊ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ရဲရင့်ခြင်း၊ ဝီရိယရှိခြင်း၊ ကြိုးစားခြင်း၊ ကူညီတတ်ခြင်း၊ ဖေးမတတ်ခြင်း၊ သနားတတ်ခြင်း၊ လွန်စွာကြင်နာတတ်ခြင်း စသည့်ဂုဏ်ပုဒ်များကို အကြောင်းပြု၍လည်းကောင်း စည်းလုံးညီညွတ်၍ တစ်ဦးကို တစ်ဦးချစ်ကြသော လေးစားခြင်းဟူသော ဂုဏ်ပုဒ်တို့ ရှိနေကြသည့် အကြောင်းအရာများကို ထောက်ရှု၍ အမုန်းစကားဖယ်ကြဉ်ကာ ချစ်ခြင်းတရားများဖြင့် ဖက်တွယ်သင့်ကြောင်း 'မြန်မာဆိုတာ ဟူသော ဆောင်းပါးတွင် တွေ့မြင်ရပါသည်။

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကျွန်တော်တို့ ဖူးမိသည့်အခါတိုင်း ရံဖန်ရံခါသော်လည်းကောင်း၊ အကြိမ်တိုင်းသော်လည်းကောင်း ငြိမ်းဆင်ထားသည့်အခါနှင့် ကြုံကြိုက်ကြပါလိမ့်မည်။ တကယ်တော့ ငြိမ်းဆင်သည့် အတတ်ပညာသည် နက်နဲလှပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆရာသည် 'ငြိမ်းဆိုသည်မှာ တစ်ခါက' ဟူသည့် ဆောင်းပါးဖြင့် ဖော်ညွှန်းထားပါသည်။

လူတို့၌ အမျက်ဒေါသဟူသည်ရှိ၏။ ထိုအမျက်ဒေါသကြောင့်ပင် စိတ်၌ပူလောင်၏ လူ့အသိုက်အဝန်းတွင် သိမ်ငယ်ရ၏ မိတ်ဆွေရင်းများနှင့် ကွေကွင်းရတတ်၏၊ မိသားစုဝင်များနှင့် မေတ္တာပျက်တတ်၏။ ထိုအကြောင်းအရာများကို ထောက်ရှုလျက် ဆရာသည် 'ဒေါသအိုးလေ' ဟူသော ဆောင်းပါးကို ရေးသားရင်း ဒေါသကို ထိန်းသိမ်းနိုင်ကြစေရန် လမ်းညွှန်ထားပါသည်။

ယဉ်ကျေးမှုဆိုရာတွင် ဘာသာအယူဝါဒစကားစာပေဝတ်စားဆင်ယင်မှု အနုသုခုမပညာနှင့် ဓလေ့ထုံးတမ်းများ အကျုံးဝင်ပါသည်ဟု ဆရာက ဆောင်းပါးတစ်ပုဒ်တွင် ဖော်ပြခဲ့ဖူးပါသည်။မြန်မာတို့၏ မြောက်မြားလှစွာ ယဉ်ကျေးမှုများစွာထဲမှ မြန်မာ့မဟာသင်္ကြန်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ သင်္ကြန်၏သမိုင်း မြန်မာတို့၏ သင်္ကြန်ကာလအတွင်း ရှောင်ရန်၊ ဆောင်ရန် နှစ်ကူးပြုဖွယ် ကုသိုလ်တို့ကို အသားပေးလျက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်တွင် မြန်မာ့သင်္ကြန်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းဝင်ခဲ့ခြင်းကို အမှတ်တရအဖြစ် 'တီးကြ၊ ဆိုကြ၊ ကကြပေဦးမည့်သင်္ကြန်' ဆောင်းပါးဖြင့် ဆရာသည် သင်္ကြန်ကို ဂုဏ်ပြုခဲ့ပါသည်။

ဆရာသည် သူလေးစားကြည်ညိုခဲ့ရသော စာရေးဆရာ၊ ဆရာမများကို အဘယ်ကြောင့် လေးစားရသည်ကို ဆောင်းပါးအသွင်ဖြင့် တင်ပြခဲ့ရာ ဆရာမမကျည်းတန်(လှိုင်ကော်)၊ ဆရာတက္ကသိုလ်စိန်တင်၊ ဒေါက်တာခင်မောင်လွင် (FAME)တို့၏ ဆောင်းပါးအနှစ်ချုပ်တို့နှင့် တွဲယှဉ်လျက် တင်ပြသွားပါသည်။

ဆရာဒေါက်တာထွန်းရွှေ(ဒဿန) ဆရာမောင်ဉာဏ်သစ်တို့နှင့် မန္တလေးတက္ကသိုလ်တွင် အတူတက်ရောက်ပညာသင်ယူရသည်မှာ ဆရာကြီးဒေါက်တာ ခင်မောင်ဝင်း(ပညာရေးဝန်ကြီး၊ သံအမတ်ကြီး-ငြိမ်း)၊ ဦးသိန်းဇံ(ဆရာနန္ဒာသိန်းဇံ)၊ ဆရာအေးကျော်(မောင်ချစ်ကြည်)တို့ကို အားကျစံနမူနာယူလျက် ၂၀၀၄ ခုနှစ်တွင် စာပေနယ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။ သူ၏ဆောင်းပါးအတော်များများတွင် သူချစ်ခင်လေးစားရသည့် ဆရာနန္ဒာသိန်းဇံ၏ ဒဿနအတော်များများကို တင်ပြထားသည်ကိုတွေ့ရသည်။ ဆရာနန္ဒာသိန်းဇံအား ကြည်ညိုသဖြင့် ဆရာမှ သူ့အစ်ကို ဆရာကိုဇေယျ(ပြင်ဦးလွင်)အား ဆွဲပေးရန် မေတ္တာရပ်ခံလျက် ပန်းချီကားလက်ဆောင်တစ်ခုပေးဖူးရာ ဆရာနန္ဒာသိန်းဇံမှ ဒဿနအရိပ်အငွေ့များပါရှိသဖြင့် အလွန်နှစ်သက်သည်ဆို၏။ ဆရာမောင်ဉာဏ်သစ်၏ 'အမေ' ဆောင်းပါးကိုလည်း အထူးတင်ပြထားသည်။ ဤသို့ဖြင့် 'ကျွန်တော်နှင့်ပတ်သက်ခဲ့သော စာရေးဆရာများ' ဆောင်းပါးတို့ကို ရေးသားလျက် သူလေးစားရသော ဆရာ၊ ဆရာမများအပေါ် မေတ္တာတုံ့ပြန်နိုင်ခဲ့သည်။

ဆရာ၏ ဖခင်မှာ တရားသူကြီးဖြစ်ပါသည်။ တရားသူကြီးဖြစ်သည့်အားလျော်စွာ တရားခံတစ်ဦး၏ ပြစ်မှုအရ ထိုက်တန်သောအပြစ်ကို ချမှတ်ရပါသည်။ တာဝန်အရပြုရသည်ဆိုသော်လည်း နုနယ်၍ မျှတသောနှလုံးသားဓာတ်ခံရှိသူဖြစ်သဖြင့် ဆရာ့ဖခင်မှာ တရားခံတို့အား အမိန့်ချသည့်ရက်တွင် စိတ်နွမ်းလူနွမ်းဖြစ်ရသည်။ရှေးရိုးခံသူတော်ကောင်းကြီးဖြစ်သဖြင့် နိုင်ငံတော်၏ လစာငွေကိုသာ တန်ဖိုးထားသူဖြစ်သည်။ မညီမျှသော ဝင်ငွေနှင့်ထွက်ငွေကြောင့် ကသီလင်တနိုင်လှသည့် မိသားစု၊ မပြည့်စုံသောဘဝ ရိုးဂုဏ်နှင့်အလုပ်ဂုဏ်သာ တန်ဖိုးထားသည့် ဖခင်ဖြစ်သူ၏ တန်ဖိုးကြီးလှသော စံပြုထိုက်သည့် အမွေတို့ဖြင့် ကြီးပြင်းခဲ့ရသည့် ဆရာ၊ ဆရာမှ သူ၏ဖခင်အကြောင်း အရင်းခံသည့် 'တရားသူကြီးဆိုသည်မှာ' ဟူသည့် ဆောင်းပါးမှာ ဖခင်အတွက် ကျေးဇူးဆပ်ဆောင်းပါးဟု ဆိုရပေမည်။

ထို့အပြင် 'မပြီးသေးတဲ့ပန်းချီကားထဲမှ ဖဖ လမ်းပုံရိပ်များ' 'ရင်ကိုရိုက်ခတ်မိသည့် စည်သံ' 'ရှင်မတောင်ညိုညို့ ရေစကြိုသို့ ပရဟိတအခမဲ့ဆေးကုသရေးအဖွဲ့ရောက်ခဲ့ပြီ' 'လှောင်အိမ်ထဲက ငှက်ကလေး တေးဆိုနေပြီ' 'ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့' 'ကျန်းမာပျော်ရွှင်စေရန် နံနက်စောစောရေနွေးသောက်ကြစို့' စသည့် ဆောင်းပါးများသည်လည်း မန္တလေး၏ ပြောင်းလဲလာသော သစ်လွင်သည့် ပုံရိပ်များကို ဦးတည်၍လည်းကောင်း၊ မိဘမဲ့ကလေးများအတွက် ထားရှိသော မေတ္တာကို အရင်းခံသည့် ဆရာတော် ဘဒ္ဒန္တ မေဓာဝံသ၏ ရင်ကိုလာမှန်သည့်ဘွဲ့ပေးသည့် အခမ်းအနားမှ စည်သံသည်လည်းကောင်း၊ ပရဟိတနယ်လှည့်ဆေးကုသရေးခရီးစဉ်၏ စေတနာမေတ္တာကရုဏာများ၏ သက်ရောက်မှုသည်လည်းကောင်း၊ အကျဉ်းကျလူငယ်များအတွက် ပညာရေးအောင်ပန်းဆွတ်ယူနိုင်ခွင့်အတွက် စေတနာအပြည့်ပါရှိသောဝန်ဆောင်မှုသည်လည်းကောင်း၊ ကျန်းမာရေးအတွက် ရည်ညွှန်းသော ဆောင်းပါးများသည်လည်းကောင်း စသည်ဖြင့် ဖတ်ရှုရပါသည်။

ခြုံငုံ၍ တင်ပြရပါမည်ဆိုလျှင် ဆရာကျော်သူ(ဥပဒေ၊ ဒဿန)၏ဆောင်းပါးများသည် သုတ၊ ရသစုံလင်လျက် အတွေးနက်စေသော၊ ပီတိဖြစ်စေသော၊ မိဂုဏ်၊ ဘဂုဏ်၊ ဆရာတို့ဂုဏ်ကို မြင်တွေ့စေလိုသော စေတနာပါရှိသည်ကို ဖတ်ရှုရပါသည်။ သို့ပါ၍ စာပေနှစ်သက်သောသူများအတွက် မိမိ၏စာအုပ်စင်တွင်ရှိသင့်၊ သိမ်းဆည်းထားသင့်သော စာအုပ်တစ်အုပ်ဖြစ်ကြောင်းတင်ပြအပ်ပါသည်။

ဇော်ချိုသာ

❖ ပြည်နယ်အရေး၊ လူမျိုးစုအရေးဟူသည့် ခေါင်းစဉ်များဖြင့် လက်တစ်ဆုပ်စာလူတစ်စု၏ ကိုယ့်အကျိုးအတွက်ကို ရှေ့တန်းတင်နေသရွေ့ ဒေသခံပြည်သူများ၏ ဘဝများပင် ထိခိုက်နစ်နာနေရဦးမည်ဖြစ်...

❖ ထိုကဲ့သို့ ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေး လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများကို ပေးရမည်မှာ မိမိတို့တပ်မတော်၏ တာဝန်ပင်ဖြစ်...

❖ ကမ္ဘာ့မည်သည့်လူ့အဖွဲ့အစည်းကမျှ လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ကို လက်ခံထားခြင်းမရှိသောကြောင့် မိမိတို့နိုင်ငံတွင်လည်း အမြစ်စွဲမှုမရှိအောင် တားဆီးကာကွယ်သွားကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်ပြုလုပ်သော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ACDFM)နှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပပြုလုပ်




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) တက်ရောက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၀**

မလေးရှားတပ်မတော်က အိမ်ရှင်အဖြစ်လက်ခံကျင်းပပြုလုပ်သည့် (၂၂)ကြိမ်မြောက် အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Chiefs of Defence Forces Meeting – 22nd ACDFM) ကို ယနေ့ နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ Intercontinental Hotel ၌ ကျင်းပပြုလုပ်ရာ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး သန်းထိုက် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဆက်စပ်အစည်းအဝေးများဖြစ်သည့် (၁၅)ကြိမ်မြောက် အာဆီယံ တပ်မတော်စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (15th ASEAN Military Operations Meeting –15th AMOM)နှင့် (၂၂) ကြိမ်မြောက် အာဆီယံ တပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး

စာမျက်နှာ ၄ သို့ ❑

## အား/ကာသိပ္ပံ(ယူ-၂၁) အသင်းနှင့် ဟံသာဝတီယူနိုက်တက် (ယူ-၂၁)အသင်းတို့ တစ်ပက်တစ်ဂိုးစီ သရေကျ

**ရန်ကုန် စက်တင်ဘာ ၁၀**

MNL Youth League Week ပွဲစဉ် (၁၉)အဖြစ် အား/ကာသိပ္ပံ(ယူ-၂၁)အသင်းနှင့် ဟံသာဝတီယူနိုက်တက် (ယူ-၂၁)အသင်းတို့ ယနေ့ ညနေပိုင်းက ဗဟန်းမြက်ခင်းတုကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

အား/ကာသိပ္ပံ(ယူ-၂၁) အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် မိနစ် ၄၀တွင် စောအောင်မျိုးဦးက သွင်းယူပေးခဲ့ပြီး ဟံသာဝတီယူနိုက်တက်(ယူ-၂၁) အသင်းအတွက် သွင်းဂိုး တစ်ဂိုးကိုမူ ပွဲချိန် ၄၇မိနစ်တွင် ခန့်ဇော်ဟိန်းက သွင်းယူပေးခဲ့သည်။




ယခုပွဲစဉ်တွင် AYA Pay အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်(ယူ-၂၁) အသင်းမှ ကျောနံပါတ် ၁၀ အောင်ဇော်ဦးက ဆွတ်ခူးရရှိခဲ့သည်။

ချန်ပီယံဆုအတွက် အရေးပါနေသည့် အဆုံးအဖြတ်ကာလတွင် အား/ကာသိပ္ပံ(ယူ-၂၁) အသင်းသည် ခြေချော်ပြီး သရေရလဒ်သာရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ဒဂုံစတားယူနိုက်တက် အသင်းထံ လွှဲပြောင်းပေးခဲ့ရသည်။

(NGB)

o-o-o-o

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရန်ကုန်စီးတီးအသင်းအား ၇ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)ပထမနေ့အဖြစ် ယနေ့မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့၊ ပဒုမ္မာကွင်း၌ လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံအသင်းက ရန်ကုန်စီးတီးအသင်းအား ၇ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံအသင်းအတွက် သွင်းဂိုး ၇ဂိုးကို ပွဲချိန် ၁၀မိနစ်တွင် ဆုပြည့်ပြည့်ကျော်၊ ပွဲချိန် ၁၅မိနစ်တွင် မိုးပွင့်ဖြူ၊ ပွဲချိန် ၂၁မိနစ်နှင့် ၂၃မိနစ်တွင် ဝေနှင်းဖြိုး၊ ပွဲချိန် ၄၁မိနစ်တွင် သန်းသန်းနွယ်၊ ပွဲချိန် ၅၄မိနစ်တွင် ကေသွယ်ဖြိုးဦး၊ ပွဲချိန် ၅၇မိနစ်တွင် အေးစန္ဒီထက်တို့က အသီးသီးသွင်းယူပေးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay Woman of the Match အကောင်းဆုံးကစားသမားဆုကို အား/ကာသိပ္ပံအသင်း ကွင်းလယ်ကစားသမား သန်းသန်းနွယ်က ဆွတ်ခူးရရှိခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆) ဒုတိယနေ့အဖြစ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယနေ့တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

